မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၇)

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် အလုံမြို့နယ်များ၌ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက တိုင်းအတွင်းနှင့် မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု အခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် အသုံးပြု၍ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ ကျန်းမာရေးပညာပေးဟောပြောနေမှုများ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေးဟောပြောမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဟံသာရိပ်မွန် အိမ်ရာဝင်းအတွင်း ကွန်ကရစ်ရေမြောင်းများနှင့် ရေထိန်းတံခါး တည်ဆောက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်ပညာရပ်များ သင်ယူမှုအခွင့်အလမ်း ပွင့်လန်းရာ သွေးချင်းတို့ဌာနေ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကွန်ပျူတာတက္ကသိုလ်

လားရှိုး-မန္တလေးသွားကားလမ်း မယ်ဟန်ကျေးရွာနှင့် လွယ်လတ်ကျေးရွာအကြား တည်ဆောက်ပြီးစီးနေသော ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏ ပင်မသုံးထပ်ဆောင်ကြီးကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လားရှိုးမြို့ကို အထူးဖွံ့ဖြိုးရေးဒေသ အဆင့်အတန်းနှင့် လျော်ညီစွာ လားရှိုးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ဒေသတွင်း အဆင့်မြင့်ပညာရပ်များကို အိုးမကွာ အိမ်မကွာ လက်လှမ်းတမီ သင်ယူနိုင်ကြပေပြီ။

သတင်းခရီးသည်-ထိန်လင်း(မြန်မာ့အလင်း) ✹ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

လားရှိုး မတ် ၁၅

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးရေးအတွက် အမျိုးသားပညာရည်မြင့်မားရန် ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်သော အခြေခံအကြောင်းရင်းဖြစ်သည်။

ပညာရပ်

၂၁ ရာစုတွင် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ထိုဖွံ့ဖြိုးတိုးတက်မှုများကို အမီလိုက်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားနေရန် လိုအပ်ပေသည်။

လက်လှမ်းတမီ

ထို့ကြောင့် နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များ ပညာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်း မြင့်မားသော

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၁၆ ရက်)

ကျန်းမာသန်စွမ်းသော သားကောင်းရတနာများ ပေါ်ထွန်းရေး မိခင်နို့ရည် စနစ်တကျ တိုက်ကျွေးပေး

နိုင်ငံတော်အစိုးရသည် မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းကို အလေးပေးဖော်ဆောင်လျက်ရှိရာ၌ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

မိခင်များ၊ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးအပါအဝင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်၍ မိခင်နှင့်ကလေး မွေးကင်းစကလေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းလုံးရှိ မိခင်များအနက် ကျေးရွာများရှိ မိခင်များက ရာခိုင်နှုန်းပြည့် မိခင်နို့ချိုတိုက်ကျွေးကြသည်။ သို့သော် မိခင်အများစုသည် မိမိတို့ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးရာတွင် နည်းလမ်းမမှန်ကန်ခြင်း၊ စနစ်မကျခြင်း၊ မဆီလျော်သော အယူအဆနှင့် အစဉ်အလာဟောင်းများကို လက်ခံကျင့်သုံးခြင်း စသည်တို့ကိုပြုမူဆောင်ရွက်လျက် ရှိပေသည်။

ယင်းအပြုအမူများကြောင့် ကလေးငယ်များတွင် အာဟာရဓာတ် မပြည့်ဝခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်းနှင့် ကိုယ်နှင့်စိတ်ဖွံ့ဖြိုးမှု စံချိန်မမီခြင်း စသည့် ဆိုးကျိုးများကို ခံစားကြရသည်။

မြန်မာနိုင်ငံရှိမိခင်များသည် ကလေးများကို မွေးကင်းစမှစ၍ စနစ်တကျ နို့ချိုတိုက်ကျွေးခြင်းဖြင့် ကလေးများရှင်သန်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အကြောင်းအချက်များကို ခံစားရရှိနိုင်ကြမည်ဖြစ်သည်။

ယင်းတို့ကြောင့် မိခင်များကိုယ်ဝန်ဆောင်စဉ် မိခင်နို့စနစ်တကျတိုက်ကျွေးနည်းများနှင့် မွေးဖွားပြီးနာရီဝက်အတွင်း ကလေးငယ်ကို မိခင်နို့ အစောဆုံးတိုက်ကျွေးရန်တို့ကို မိခင်တိုင်းက လိုက်နာဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မွေးကင်းစအချိန်မှစ၍ ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်း စနစ်တကျတိုက်ကျွေးပါက ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးငယ်ပေါင်း ၁ဒသမ ၅သန်းကို ကယ်တင်နိုင်မည်ဖြစ်ပြီး မိခင်နို့တိုက်ကျွေးခြင်းကို တိုးမြှင့်ကျင့်သုံးခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွယ်ကူဆုံးနှင့် အကျိုးရှိဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုပင် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ အနာဂတ်၏ သားကောင်းရတနာများဖြစ်လာမည့် ရင်သွေးငယ်များကို မွေးကင်းစမှစ၍ ရှင်သန်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် မိခင်တိုင်းက မိခင်နို့ရည်စနစ်တကျတိုက်ကျွေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၆-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၉။ နတ်လူသာခုခေါ်စေသော်
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ လျှပ်တစ်ပြက်
၆:၄၀ ၁၅။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၃)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တည်ဆောက်ရေးညွှန်ကြားရေးမှူးများနှင့် ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး တည်ဆောက်ရေးညွှန်ကြားရေးမှူးများက ရေအားလျှပ်စစ်စီမံကိန်းတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသေးစိတ်အစီအစဉ်များကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများရရှိမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် စက်စွမ်းအားပြည့် ထုတ်လုပ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ်ချက်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ကမ္ဘာ့ဝိတရဏ ဝိသုဒ္ဓိ** တရားတော် (သဗင်ရေကျော်ဆရာတော် အရှင်ဥာဏောဘာသ)
၇:၅၅-၁:၅၅ အညာဒေသ စပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
၈:၂၀-၂:၂၀ နိုင်ငံတကာ အနုပညာရေးရာ
၈:၄၀-၂:၄၀ မေတ္တာကိုအခြေပြုလို့ အလင်းလှူတဲ့ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း-၁)
၉:၀၀-၃:၀၀ Biz Net
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ Activities in the City အထက(၂) ဗဟန်း အာစရိယပူဇော်ပွဲ အခမ်းအနား
၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၁၀:၁၅-၄:၁၅ မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (မြေလတ်မင်းလွင်နှင့် သူ့ဘဝသူ့စာအုပ်များ)
၁၀:၄၅-၄:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁:၂၀-၅:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅ ပြည်တွင်းမှာပင် ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်း သားရေအိတ်များ
၁၁:၄၀-၅:၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (အဆိုတော် Jenny)
၁၂:၀၅-၆:၀၅ လည်ပင်းအာရုံကြောညပ်ရောဂါ(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂:၃၀-၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅ လူတိုင်းအတွက် ရှေးဦးသူနာပြု (အသက်ရှူပိတ်နေသောလူနှင့် အသက်ရှူရပ်နေသောလူကို ပြုစုနည်းများ)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	West Ham-West Brom	ESPN (Live)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၁၇-၃-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၁၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (တွင်းနက်နဲ့ ဝဲအလှည့်)
၈:၄၀ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးရံ့အူဆီပြန်နဲ့ မရန်းသီးသုပ် ဘူးသီးသပြွန်း)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ (Talk online) (အစ္စတီ)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တူယှဉ်သီကြွေး စုံတွဲတေး
၁၂:၃၀ အလုပ်အကိုင်အခွင့်အလမ်း (ဆေးသုတေသန)
၁၂:၄၀ ရွှင်လန်းစေချင် သောတရှင်
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ ပထဝီတတ်ကျွမ်းမှု)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (ကြွေသီးနှင့်ခြွေသီး)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာအလှကမ္ဘာ (အလှအပအတွက် လက်တွေ့အသုံးတည့်မယ့် နည်းလေးမျိုး)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) အဲဒေါ့ဖ်ဟစ်တလာနှင့် ထူးခြားထင်ရှားပုဂ္ဂိုလ်များ (မောင်သိန်းလွင်)
(၂) မင်းလုပ်နိုင်တာသေချာတယ် (သဲအောင်)
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ဇာတ်လမ်းပမာနားဆင်စရာ (နှလုံးသားထဲက ဒဏ်ရာ)
၁၉:၂၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ တေးစီးရီး (ဗိုလ်လုပွဲ- Volume-1) စီးပွားရေးဦးတည်ချက်
၂၀:၄၀ တေးပဒေသာ
၂၁:၀၀ ချမ်းမြေ့သာယာ သီရိဂေဟာ (ချမ်းမြေ့သာယာတဲ့ ခင်မောင်ထူးတို့ဇနီးမောင်နှံ)
၂၁:၁၀ ခံစားနားဆင် တေးဂန္တဝင် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

16-3 (02).pmd 1 3/16/2009, 1:40 AM

မတ် ၁၅ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အလုံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

အမှာစကားပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

■ *ကျောဖုံးမှ*

ပြည်ပမှလာရောက် ဝယ်ယူသူများအတွက် အထူးအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ထို့အတူ ထုတ်ကုန်ပစ္စည်း ရောင်းချသူများ အနေဖြင့်လည်း မိမိတို့ပစ္စည်းများကို ဝယ်ယူသူများလက်သို့ တိုက်ရိုက် ဖြန့်ဖြူးနိုင်သည့် အကျိုးကျေးဇူးလည်း ရရှိစေမည်ဖြစ်သည်။

စီစဉ်ထား

ထို့ကြောင့် Yangon Expo 2009 ကုန်စည်ပြပွဲကို တာဝန်ယူကျင်းပသည့် Smart Business Group မှ ဒါရိုက်တာ ဖြစ်သူ ဒေါ်ရွှေစင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ''ဝယ်ယူအသုံးပြုတဲ့ ပြည်သူတွေအတွက်ရော ရောင်းချတဲ့သူတွေအတွက်ပါ အဆင်ပြေအောင်အခုလို ကုန်စည်ပြပွဲ ကျင်းပရခြင်း ဖြစ်ပါတယ်၊ ဒီကုန်စည်ပြပွဲမှာ ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အရောင်းကိုယ်စားလှယ်တွေသာမက ဘဲ ပြည်ပနိုင်ငံတွေက စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေပါဖိတ်ကြားပြီး လာရောက် လေ့လာနိုင်အောင် စီစဉ်ထားပါတယ်'' ဟု ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆိုင်ခန်း ၁၈၀

Yangon Expo 2009 ပြပွဲတွင် ပါဝင်ဆင်နွှဲ ရောင်းချကြမည့် ဆိုင်ခန်းပေါင်း ၁၈၀ခန့် ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းရှင်များအတွက် အရောင်း ကိုယ်စားလှယ်များနှင့် ဆွေးနွေးနိုင်ရန် သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရန်အတွက်ပြပွဲခန်းမအတွင်း Conference Room များကိုလည်း စီစဉ်ပေးထားမည် ဖြစ်သည်။

ကဏ္ဍာစုံ

''ဆိုင်ခန်းတွေကို ၁၀ပေပတ်လည်အကျယ် စီစဉ်ပေးထားပါတယ်၊ အခန်းတိုင်းကို စားပွဲတစ်လုံး၊ ထိုင်ခုံနှစ်လုံး၊ ရေသန့်ဘူးကြီး တစ်ဘူး၊ မီးချောင်းနှစ်ချောင်းနဲ့ မီးပလပ် တစ်ခု တပ်ဆင်ပေးထားပြီး ပါဝင်ပြသ ရောင်းချတဲ့သူတွေ အနေနဲ့ ဆိုင်ခန်းတွေကိုစိတ်တိုင်းကျပြင်ဆင်နိုင်ပါတယ်၊ ကြော်ငြာ ဘုတ်တွေလည်းထောင်နိုင်ပါတယ်၊ ကုန်စည်ပြပွဲ ပိုပြီးလှပအောင် ပိုပြီးဆွဲဆောင်နိုင်အောင် ပြုလုပ်လေ လာရောက်တဲ့သူတွေအတွက် ကဏ္ဍာစုံ ပိုတွေ့မြင်ရလေ ဖြစ်သွားမှာပါ''ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

အရောင်းပြခန်း ၈၀ရာခိုင်နှုန်းကျော်မှာ စာရင်းပေးသွင်းပြီးဖြစ်ရာ ရာနှုန်းပြည့် ပါဝင် ရောင်းချပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲလာ ပြည်သူများအတွက် ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများနှင့် အခြား ဖျော်ဖြေရေး အစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေသွားမည်ဖြစ်သည်။

''ဒီပြပွဲကြီးမှာ အဝတ်အထည်၊ အလှကုန်နဲ့ ဖက်ရှင်အသုံးအဆောင်ပစ္စည်းတွေ၊ စားသောက်ကုန်၊ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်း၊ ပြည်တွင်းပြည်ပဆေးဝါး၊ ပညာရေးနဲ့ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းတွေ၊ ပရိဘောဂ၊ ပြည်တွင်းပြည်ပတက္ကသိုလ်နဲ့ ကောလိပ်သင်တန်းကျောင်း၊ မီးဖိုချောင်သုံးပစ္စည်း၊ စာရေးကိရိယာ၊ စိုက်ပျိုးမွေးမြူရေးသုံးပစ္စည်း၊ စက်မှုဇုန်များက စက်မှု ထုတ်ကုန်တွေ၊ စက်မှုဇုန်ကား၊ ရတနာဆိုင်နဲ့ အခြားလူသုံးကုန် ပစ္စည်းမျိုးစုံအား ပါဝင်ပြသ ရောင်းချပေးသွားဖို့ စီစဉ်ထားပါတယ်''ဟုလည်း ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

Yangon Expo 2009 ကုန်စည် ပြပွဲလာ ပြည်သူများအတွက် စားသောက်ဆိုင်များလည်းစီစဉ်ပေးထားပြီး နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး ကုန်ပစ္စည်းများ ပါဝင်ပြသဆင်နွှဲလိုသူများကိုလည်း အဆင်ပြေစွာပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ပေးမည် ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

''ပြည်ပနိုင်ငံတွေက စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တွေပါ ဖိတ်ကြားပြီး လာရောက်လေ့လာနိုင်အောင် စီစဉ်ထားပါတယ်''
ဒေါ်ရွှေစင်ဝင်း
ဒါရိုက်တာ
Smart Business Group

လုပ်ငန်းများ စံချိန်စံညွှန်းမီပြီးစီးအောင် အကောင်အထည်ဖော်

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်၁၂ရက်နှင့် ၁၃ရက်တို့တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီးများနှင့် လမ်းအထူးအဖွဲ့ ၁၆ဖွဲ့၊ လမ်းစီမံကိန်း အထူးအဖွဲ့ ကိုးဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ဖွဲ့၊ လေယာဉ်ကွင်း အထူးအဖွဲ့ သုံးဖွဲ့နှင့် အဆောက်အအုံအထူးအဖွဲ့ခြောက်ဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ပြည်နယ်၊တိုင်းအတွင်းရှိလမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကြပြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးအောင်ဝင်းတို့က သက်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို စံချိန်စံညွှန်းမီ ပြီးစီးအောင် အထူးအလေးထား အကောင်အထည်ဖော်ကြရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

ဆိုင်ရာ နည်းပညာသစ်များ ထည့်သွင်းပြုလုပ်ထားသည့် အဆိုပါခရီးသည်တင်လေယာဉ်ကို အမေရိကန်နိုင်ငံ အက်လန်တာမြို့၌ မကြာမီက စမ်းသပ်ပျံသန်းခဲ့သည်။

ဒေလ်တာအဲလိုင်းနှင့် ထရန်အဲလိုင်းတို့မှ သုတေသနပညာရှင်များက ဝိုင်းဝန်းပူးပေါင်း ထုတ်လုပ်ထားသည့် အသံတိတ်ခရီးသည်တင်လေယာဉ်များကို လေကြောင်းလိုင်းအတွင်း အသုံးပြုခြင်းဖြင့် ခရီးသည်များအတွက် သက်သောင့်သက်သာ ပိုမိုဖြစ်စေပြီး လေယာဉ်အင်ဂျင်ချွတ်ယွင်းမှုနှင့် မတော်တဆဖြစ်ရပ်များကို ဆူညံသံများ ကင်းရှင်းသဖြင့် ချက်ချင်းသိရှိနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။

ကာကွယ်ပေးရန်

လေယာဉ်အင်ဂျင်စက်သံဆူညံခြင်းမှကင်းဝေးရန် အသံတိတ်ကိရိယာများ တပ်ဆင်ပေးထားသည့်အပြင် မတော်တဆဖြစ်ရပ်များမှ ကာကွယ်ပေးရန် နည်းစနစ်များ ထည့်သွင်းထားသည်။

အသံတိတ်လေယာဉ်များသည် ခရီးသည်များ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးစေရန်အတွက်လည်း ထုတ်လုပ်ထားသည်။ ယခင်က ပုံမှန်ပျံသန်းနေသော ခရီးသည်တင်လေယာဉ်များ၏ဆူညံသံများထက် ခြောက်ဆမျှ အသံဆူညံမှုကို လျော့နည်းစေရန် တီထွင်ထုတ်လုပ်ထားသည်။

လျှော့ချထား

ထို့အပြင် လေယာဉ်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များထွက်ရှိမှုကိုလည်း အနည်းဆုံးဖြစ်အောင် လျှော့ချထားရာ မကြာမီကာလအတွင်း ခရီးသည်တင် လေကြောင်းလိုင်းများ၌ အသံတိတ်လေယာဉ်များ အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

အီရန်အား နိုင်ငံတကာအရေးယူပိတ်ဆို့မှု ကလေးဆန်သည့် သဘောထားဟု အီရန်သမ္မတတုံ့ပြန်

တီဟီရန် မတ် ၁၅

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က မတ်၁၃ရက်တွင် ပင်လယ်ကွေ့သဘာဝဓာတ်ငွေ့စီမံကိန်းကို တရားဝင်ဖွင့်လှစ်လိုက်ပြီးနောက် အီရန်နိုင်ငံအား နိုင်ငံတကာက အရေးယူပိတ်ဆို့မှုမှာ ကလေးဆန်သည့် သဘောထားတစ်ရပ်သာဖြစ်သည်ဟု ပြောကြားကာ ပယ်ချလိုက်သည်။

အီရန်နိုင်ငံက အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးတို့ကို ဆက်လက်ခြိမ်းခြောက်နေသည့်အတွက် အီရန်အစိုးရအပေါ် အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုကို သက်တမ်းတိုးလိုက်ကြောင်း အမေရိကန်သမ္မတ ဘားရက် အိုဘားမားက မတ် ၁၂ရက်တွင် ကြေညာသည်။

ဝေဖန်

ပင်လယ်ကွေ့တောင်ပိုင်း အက်ဆာလူယေဆိပ်ကမ်းမြို့၌ အီရန်သမ္မတအာမက်ဒီနီဂျက်က အီရန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရေးယူပိတ်ပင်ခြင်းများဖြင့် အတားအဆီးများဖြစ်အောင် ကြိုးပမ်းခြင်းမှာ ကလေးဆန်သည့် သဘောထားတစ်ရပ်ဖြစ်ပြီး မှားယွင်းမှုတစ်ခုလည်းဖြစ်ကြောင်း ဝေဖန်လိုက်သည်။

မိမိတို့သည် ကိုယ့်အစွမ်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်သည့်အတွက် မည်သူ့အကူအညီမျှ မလိုကြောင်း၊ အီရန်နိုင်ငံ၏တိုးတက်မှုမှာ အရှိန်ရလျက်ရှိကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရေကြောင်းကာကွယ်ရေး

ဆိုမာလီယာနိုင်ငံသို့ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ဂျပန်နိုင်ငံဟီရိုရှီးမားမြို့ ဆိပ်ကမ်းမှ ထွက်ခွာမည့် ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ စစ်သင်္ဘောကို မတ်၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်ဒုက္ခသည် ၂၅၀၀ကိုလက်ခံရန် ဂျာမနီအစိုးရက သဘောတူ

အမ္မန် မတ် ၁၅

တတိယနိုင်ငံတွင် အခြေချကြမည့် ဂျော်ဒန်နှင့်ဆီးရီးယားနိုင်ငံရှိ အီရတ်ဒုက္ခသည်၂၅၀၀ကို ဂျာမနီနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း၊ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး(ယူအင်န်အိတ်ချ်စီအာရ်)ရုံး၏ ကြေညာချက်ကို ဂျော်ဒန်တိုင်းမ်သတင်းစာ၌ မတ် ၁၃ရက်က ဖော်ပြသည်။

နေရာချထား

ဂျာမနီနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ဂျော်ဒန်နိုင်ငံမှ အီရတ်ဒုက္ခသည် ၅၀၀၊ ဆီးရီးယားနိုင်ငံမှ အီရတ်ဒုက္ခသည်၂၀၀၀ တို့ကို ဂျာမနီနိုင်ငံတွင် နေရာချထားပေးမည်ဖြစ်ကြောင်း ယူအင်န်အိတ်ချ်စီအာရ်ရုံး ပြောရေးဆိုခွင့်ရှိသူက မတ်၁၂ရက်တွင် ပြောကြားသည်။

လက်ခံထား

၆၅ဦးပါဝင်သည့် အမှု၁၇မှုကို ဂျာမနီအစိုးရက လက်ခံထားပြီးဖြစ်သဖြင့် ဒုက္ခသည်များ မကြာမီ ထွက်ခွာကြမည်ဟု မျှော်မှန်းသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သီရိလင်္ကာအစိုးရတပ်ဖွဲ့က စိန်ပြောင်းဖြင့်ပစ်ခတ် တမီးလ်ကျားသူပုန်အဖွဲ့မှ အကြီးအကဲတစ်ဦး သေဆုံး

ကိုလံဘို မတ် ၁၅

သီရိလင်္ကာအစိုးရတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန်အဖွဲ့မှ နိုင်ငံတကာ ဘဏ္ဍာရေးကွန်ရက် အကြီးအကဲတစ်ဦးသေဆုံးပြီး ခွဲထွက်ရေး ကျားသူပုန်များ ထိန်းချုပ်ထားသည့်မြို့မှ ဆေးရုံကိုသိမ်းပိုက်နိုင်ခဲ့ကြောင်း စစ်ဘက်က မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ချေမှုန်းတိုက်ခိုက်

သီရိလင်္ကာစစ်ဘက်က နိုင်ငံ၏အရှေ့မြောက်ကမ်းခြေမှ ၃၇စတုရန်း ကီလိုမီတာ နေရာကိုဝိုင်းရံထားပြီး ကျားသူပုန်များအား အပြတ်အသတ် ချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

သေဆုံး

သူပုန်ခေါင်းဆောင် ဘဲလူပီလိုင်ပရပ်ဟာကာရန်အပါအဝင် တမီးလ်ကျားသူပုန်ထိပ်တန်းပြောက်ကျား အားလုံးနီးပါး ဖော်ပြပါ ဒေသတွင် ရှိနေကြသည်ဟု စစ်ဘက်တပ်မှူးများက ပြောကြားသည်။ သီရိလင်္ကာတပ်ဖွဲ့ဝင်များ၏ စိန်ပြောင်းဖြင့်ပစ်ခတ်မှုကြောင့် တမီးလ်ကျားသူပုန်အဖွဲ့မှ ဘဏ္ဍာရေးကွန်ရက် အကြီးအကဲ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟုလည်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ယူဒါယာက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြောက်ပိုင်းရှိ ဆင်ရွာ၌ ၎င်းနိုင်ငံ ဆင်များနေ့ အထိမ်းအမှတ်ပွဲတော် ကျင်းပနေသည်ကို မတ်၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျာမန်ကမ္ဘာလှည့်ခရီးသည်များ အင်ဒိုနီးရှားသို့ အရောက်များလာ

ဂျကာတာ မတ် ၁၅

ကမ္ဘာလှည့် ခရီးသည်များအတွက် အာရှတိုက်တွင် သွားသင့်သည့်အကောင်းဆုံးနေရာများအနက် မလေးရှားကတတိယအကောင်းဆုံးဖြစ်ပြီး ထိုင်းက ပထမအကောင်းဆုံးနှင့် အင်ဒိုနီးရှားက ဒုတိယအကောင်းဆုံးနေရာဖြစ်ကြောင်း ဂျာမန်ခရီးသွားလုပ်ငန်း၏ ဂိုးအေးရှားက သတ်မှတ်လိုက်သည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်၁၃ရက်၌ ပြောကြားသည်။

ဂျာမန်စကားပြော ဒေသများအတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအတွက် အဆိုပါ ဂျာမန်ခရီးသွားလုပ်ငန်းက ယင်း အစီအစဉ်ကို ၂၀၀၃ခုနှစ်မှ စတင်ခဲ့သည်ဟုဆိုသည်။ ၂၀၀၈ခုနှစ်တွင် အင်ဒိုနီးရှားသို့ ဂျာမန်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ ယခင်နှစ်ကထက်၂၂ ဒသမ ၆ ရာခိုင်နှုန်းပိုများသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်ကျ

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ လုံခြုံရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်း လူနေအိမ်အတွင်းသို့ ပျက်ကျမှုဖြစ်ပွားသည်ကို မတ်၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယား၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ယခုနှစ်အတွင်း သုံးရာခိုင်နှုန်းမြင့်တက်မည်ဟု ခန့်မှန်း

ဖနွမ်းပင် မတ် ၁၅

ကမ္ဘာနှင့်အဝန်း စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်နေသည့်ကြားမှပင် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၉ခုနှစ်အတွင်း ကမ္ဘာလှည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ဝင်ငွေအမြင့်ဆုံး ၃ ရာခိုင်နှုန်းသို့ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

သတင်းထုတ်ပြန်

ကမ္ဘောဒီးယားအစိုးရက စီးပွားရေးအကျပ်အတည်းများကို တုံ့ပြန်ရန် လိုအပ်သော ဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးပါက ၂၀၀၉ ခုနှစ်အတွင်း အဆိုပါလုပ်ငန်းတွင် သုံးရာခိုင်နှုန်း မြင့်တက်နိုင်သည်ဟု မျှော်မှန်းထားကြောင်း ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကိုကိုးကား၍ တရုတ်ဘာသာဖြင့် ထုတ်ဝေသော ကော်မာရှယ်နယူးစ်သတင်းဌာနက မတ် ၁၅ရက်၌ ထုတ်ပြန်သည်။

အနုတ်လက္ခဏာပြ

သို့သော်လည်း ဆွေးနွေးပွဲ တစ်ခုတွင် ၎င်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ မယုတ်မလွန် အခြေအနေ သို့မဟုတ် အားရစရာမကောင်းသော အခြေအနေများဖြင့် ခန့်မှန်းတွက်ချက်ပါက ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းသည် သုံးရာခိုင်နှုန်း မြင့်တက်နိုင်သကဲ့သို့ အောက်ဆုံးအဆင့်သို့ရောက်ကာ အနုတ်လက္ခဏာလည်းပြသွားနိုင်ကြောင်း ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေါက်ကွဲ

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လေယာဉ်ကုမ္ပဏီမှ တာဝန်ရှိသူအမေရိကန်မောင်နှံ စစ်ဘက်ဆိုင်ရာပစ္စည်းများ အီရန်သို့တင်မှုဖြင့် စွဲချက်တင်ခံထားရ

နယူးယောက် မတ် ၁၅

လေယာဉ်အပိုပစ္စည်းများ အပါအဝင် အမေရိကန်စစ်ဘက်ဆိုင်ရာ နည်းပညာကို လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အီရန်နိုင်ငံသို့ တင်ပို့ခဲ့သဖြင့် အပြစ်ရှိသည်ဟု စင်ကာပူလေယာဉ်ဖြည့်ဆည်းရေးကုမ္ပဏီ၏ ညွှန်ကြားရေးမှူးဟောင်းက ဝန်ခံကြောင်း ရှေ့နေများက ပြောကြားသည်။

၎င်းသည် အသက်(၆၄)နှစ်ရှိကာ စင်ကာပူအခြေစိုက် မိုနတ်အပိုင်ရေးရှင်းပတေးကုမ္ပဏီ၏ ညွှန်ကြားရေးမှူးဖြစ်ပြီး အမေရိကန်နိုင်ငံသူ တစ်ဦးဖြစ်သည်။ အမေရိကန်အစိုးရ၏ လိုင်စင်ခွင့်ပြုချက်မရှိဘဲ လေယာဉ်အစိတ်အပိုင်းများကို အီရန်သို့တင်ပို့ရောင်းချခြင်းဖြင့် အမေရိကန်က အီရန်အပေါ် ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုကို ဖောက်ဖျက်ရန် လျှို့ဝှက်ကြံစည်ခဲ့သူဖြစ်သည်။

၎င်းနှင့်သူ၏ခင်ပွန်းသည် ထိန်းချုပ်ထားသည့် အမေရိကန်လေယာဉ်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုမှ စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့နေပြီး အမေရိကန်အာဏာပိုင်များထံမှ ထောက်ခံချက်မရရှိဘဲ အီရန်ရှိ ကုမ္ပဏီများသို့ အဆိုပါပစ္စည်းများကို ပြန်လည်တင်ပို့ရောင်းချမှုဖြင့် ၎င်းတို့ဇနီးမောင်နှံနှစ်ဦး စွဲချက်တင်ခံရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတကာ သတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အမှတ်(၂)လျှပ်စစ်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်)သင်တန်းဆင်းပွဲ

တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၃ ရက်က နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်) အမှတ်စဉ် (၁/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၉၂ဦးတို့တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသား သုံးဦးအား ဆုချီးမြှင့်ကာ ဦးဆောင်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုန်လျှော်စိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျောင်းကုန်းမြို့နယ်၌ ကျင်းပ

ကျောင်းကုန်း မတ် ၁၅

၂၀၀၉-၂၀၁၀ ခုနှစ် ဂုန်လျှော်စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို မတ် ၃ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အေးချမ်းသာယာအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂုန်လျှော်နှင့်ဂုန်လျှော်မျှင်များလုပ်ငန်းဌာန မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမူက စီမံကိန်းဂုန်လျှော် စိုက်ပျိုးမှု၊ ထုတ်လုပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၀၉-၂၀၁၀ခုနှစ် တစ်မြို့နယ်လုံးတွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် ဧက ၈၀၀ စိုက်ပျိုးရန်အတွက် ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ ကျေးရွာဥက္ကဋ္ဌများနှင့် နယ်မြေခေါင်းဆောင်တာဝန်ခံများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က တာဝန်များ အသီးသီးပေးအပ်သည်။ **(အောက်ပုံ)** **(၁၅၄)**

ကျိုင်းတုံစည်ပင် ပန်းအလှပင်နှင့် အရိပ်ရပင် စိုက်ပျိုး

ကျိုင်းတုံ မတ် ၁၅

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော လေယာဉ်ကွင်းလမ်းတွင် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုကို ဖေဖော်ဝါရီ ၂၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီး သတိပြု

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

Infiniti Show Room & Service Center ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

Infiniti Show Room & Service Center ဖွင့်ပွဲအခမ်းအနားကိုယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈လမ်း(အလယ်) အမှတ် ၁၆၇ရှိ အဆိုပါ အရောင်းပြခန်းရှေ့၌ ကျင်းပရာ ရှေးဦးစွာInfiniti Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝါဝါလင်းက အရောင်းပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းကြရာ Infiniti Co., Ltd. မှ ဈေးကွက်မန်နေဂျာ ဒေါ်ယဉ်ယဉ်မျိုးက ပြန်လည်ဖြေကြားသည်။

ဖြန့်ဖြူးရောင်းချ

Infiniti Co., Ltd. မှ ဖြန့်ဖြူးရောင်းချသော hp, Canon, Epson Printer နှင့် ဆက်စပ်ပစ္စည်းများကို ကုမ္ပဏီမှ ဝယ်ယူသုံးစွဲသူများ၏ လိုအပ်ချက်များအတိုင်း စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးပြီး အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိသည်။

Infiniti Show Room & Service Center ဖွင့်ပွဲအခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝါဝါလင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝယ်ယူသုံးစွဲသူများ အဆင်ပြေစေရန် Free Delivery Service ဖြင့် အရောက်ပို့ဆောင်ပေးသည်။

အထူးအစီအစဉ်

ပစ္စည်းအရည်အသွေးများနှင့် စပ်လျဉ်း၍လည်း Infiniti Co., Ltd. အနေဖြင့် အာမခံချက် အပြည့်အဝပေးထားပြီး ရာသီအလိုက် အရောင်းမြှင့်တင်မှု အစီအစဉ်များကို ဧပြီလနှင့် စက်တင်ဘာလများတွင် ဝယ်ယူသုံးစွဲသူများအတွက် အထူးအစီအစဉ်များ ပြုလုပ်ပေးထားသည်။

ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဝယ်ယူသုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် မတ်လအတွင်း အထူးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးလျက်ရှိပြီး မည်သည့်ဆိုင်မှ ဝယ်ယူသည့် Printer များကိုမဆို Infiniti Service Center က ပြုပြင်ဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

Infiniti Show Room မှ ဝယ်ယူသော Printer များကိုမူ သတ်မှတ်ကာလအတွင်း အခမဲ့ပြုပြင်ပေးပြီး သတ်မှတ်ကာလကျော်လွန်ပါကလည်း ဈေးနှုန်းချိုသာစွာဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

Infiniti Show Room တွင် Toner, Ink , Ribbon Cartridges, Printer Accessories နှင့် Maintenance များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်

ဝယ်ယူလိုပါက Infiniti Co., Ltd. Show Room & Service Center အမှတ်(၁၆၇) ၃၈လမ်း(အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၉၅၁-၃၈၉၆၅၅၊ ၃၈၂၅၀၁၊ ၃၉၁၇၄၄၊ ၃၉၈၁၀၀၊ ၀၉-၅၀၀၃၃၆၀၊ ၀၉-၅၁၂၀၉၂၀၊ ၀၉၅၀၀၂၁၅၅၊ ဖက်စ်-၉၅၁-၃၈၂၅၀၁၊ e-mail: wwl @ mptmail. net. mm နှင့် နေပြည်တော် ဆိုင်ခွဲ-ပ-၇၂ (ပွဲရုံတန်း) မြို့မဈေး နေပြည်တော် ဖုန်း ၀၆၇-၄၂၁၄၂၂ နှင့် ၄၂၁၂၄၅တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

ရော်ဘာ အစေးလှီးခြင်း လက်တွေ့သရုပ်ပြ

တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ်တာဝန်ခံ ဦးသော်ဇင်မောင်သည် တောင်လေးလုံး အကျဉ်းဦးစီးဌာနပိုင် ရော်ဘာစိုက်ခင်း ဧက၁၀၀၌ အစေးလှီးလက်တွေ့သရုပ်ပြပွဲကျင်းပရာထောင်မှူးကြီး ဦးလှဝင်းအောင်ဦးစီးသော အကျဉ်းဦးစီးဌာနမှ အင်အား ၃၀၊ ရော်ဘာစိုက်တောင်သူများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးသင်တန်းမှ သင်တန်းသားများတက်ရောက်ကြပြီး ပြည်နယ်တာဝန်ခံမှ အစေးလှီးရန်အတွက် အပင်လုံးပတ်၊ မျက်နှာပြင်အရပ်ရွေးချယ်မှု၊ အစောင်း ဒီဂရီထားရှိရန်နှင့် အခြားလိုက်နာရန် အချက်များ ဆွေးနွေးပြသခဲ့သည်။ **(တောင်ကြီး ကိုယ်ပွား)**

တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ အရန်သားဖွားသင်တန်းဆင်း

ထန်းတပင် မတ် ၁၅

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀နာရီက ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စိုးလှလှမိုးက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းကိစ္စကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးအား ပေးအပ်သည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများချီးမြှင့်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုချီးမြှင့်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဝိုင်းမော်မြို့နယ်၌ အလင်းသစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဝိုင်းမော် မတ် ၁၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဂါးရဟယန်ကျေးရွာ အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၃ရက်က အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးခေါလူတူးရိန်နှင့် ရပ်မိရပ်ဖ ဦးလမုန်နော်ထွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဘောမ်ယိန်က စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဆွေးနွေးကာ ကျေးရွာစာကြည့်တိုက်အတွက် ၂၁လက်မရုပ်မြင်သံကြားပြစက်တစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင် ၇၅အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံယူသည်။ (မြို့နယ် ပြန် /ဆက်)

ကန့်ဘလူ၌ ခုတင် ၁၀၀ ဆံ့ဆေးရုံဆောက်လုပ်ရေး ညှိနှိုင်းစည်းဝေး

ကန့်ဘလူ မတ် ၁၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၃ ရက် နံနက် ၁၀ နာရီက ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးမှာကြားသည်။ အဆိုပါခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် ကန့်ဘလူ-စပါယ်နံ့သာလမ်း(တပင်ရွှေထီးလမ်း)၌ တည်ဆောက်မည်ဖြစ်ရာ ပြီးစီးပါက ရွှေဘိုခရိုင်၊ ကသာခရိုင်နှင့် မုံရွာခရိုင်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထူးအားကိုးရသော အထွေထွေရောဂါကုဆေးရုံကြီးဖြစ်လာမည်ဖြစ်သည်။ (၀၂၇)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

တောင်ကြီး၌ ပြန်/ဆက်ဦးစီးဌာန ထပ်ဆင့်ရှင်းလင်း

တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၁၈ရက် နံနက်၁၁နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူးဦးဌေးဝင်းက ဝန်ကြီး၏ မှာကြားချက်များ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန် /ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

နေပြည်တော် လယ်ဝေးတွင် ကျေးရွာစာကြည့်တိုက်များကို စံ(၅)ချက်နှင့်အညီ တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်ရန်နှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ၂၂ရက် မွန်းလွဲ၁နာရီက ဇီးကုန်းကျေးရွာ၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ သာဝတ္တိ၊ သပြေပင်၊ ဇီးကုန်းကျေးရွာ အုပ်စုဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။ (၀၈၃)

နှစ်ရှည်ပင်သီးနှံ နည်းပညာ ရက်တိုသင်တန်းဖွင့်

မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်လုပ်ငန်းမှ ကျင်းပသည့် ရော်ဘာနှင့် နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးထိန်းသိမ်းခြင်း နည်းပညာပေး ရက်တိုသင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၌ ဖေဖော်ဝါရီ၂၃ရက်မှ၂၇ရက်အထိ ဖွင့်လှစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ်တာဝန်ခံဦးသော်ဇင်မောင်နှင့် ဒုတိယ လက်ထောက်ကြီးကြပ်ရေးမှူး ဦးစောတင်ဝင်းလှိုင်တို့က ရော်ဘာ၊ သီဟိုဠ်နှင့် မက္ကဒေးမီးယားသီးနှံပင်များ၏ စိုက်ပျိုးထိန်းသိမ်းခြင်း နည်းပညာများ ပို့ချသည်။ (မြို့နယ်ပြန် /ဆက်)

မြိတ်မြို့ပုလဲလမ်းနှင့် ဈေးပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ပုလဲလမ်းနှင့်မြို့သစ်ဈေးပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေနှင့် တာဝန်ရှိသူများက လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (တိုင်း ပြန်/ဆက်)

ဘားအံမြို့နယ်စာပေနှင့်စာနယ်ဇင်း စည်းဝေး

ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီ၏ (၂/၂၀၀၉) လစဉ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက ဇွဲကပင်ခန်းမ အနီးရှိ ပန်းဝတ်မှုန်စားသောက်ဆိုင်၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းအုန်း (မန်းခြိမ့်ဖလေ့)က အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးသည်။ (၀၀၈)

လဟယ်၌ ကြက်ခြေနီရှေးဦးပြုစု သင်တန်းဆင်း

စစ်ကိုင်းတိုင်း လဟယ်မြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်းပွဲကို အထကခန်းမ၌ မတ် ၁ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲအုပ်ကျော်ဌေးက အမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ဆင်ခြေထောက်ရောဂါကင်းဝေးရေး ညှိနှိုင်းဆွေးနွေး

ရမည်းသင်းမြို့နယ် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီက ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီးဒေါက်တာစမ်းစမ်းတင်က မြို့နယ်လုံးကျွတ် ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် မတ် ၂၁ရက်မှ ၂၇ရက်အထိ ဆေးတိုက်ကျွေးရေး ရှင်းလင်းဆွေးနွေးသည်။ (၁၆၉)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဝက်လက်၌ဆွေးနွေး

ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အောင်ပန်း၌ သမဝါယမ လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၏ မှာကြားချက် မြို့နယ်နှင့် သမဝါယမ အသင်းများသို့ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၁၁ရက်က အောင်ပန်း မြို့မ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင် တက်ရောက်၍ ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ (၀၁၈)

အမှတ်(၂)စက်မှုဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး

ရည်မှန်းချက်(၈)ရပ်အပေါ် အကောင်အထည်ဖော်နိုင်မှု ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သုံးသပ်ဆွေးနွေး တီထွင်ကြံဆ အလုပ်ကြိုးစားလုပ်ကြရန်မှာကြား

နေပြည်တော် မတ် ၁၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဝန်ကြီးဌာန၏ ရည်မှန်းချက်(၈)ရပ်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး လာမည့်ကာလအတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊ စီမံကိန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး အထူးအလေးအနက်ထား ကြိုးပမ်းရန်နှင့် တီထွင်ကြံဆပြီး အလုပ်ကြိုးစားကြရန်တို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်ရုံအထွေထွေ မန်နေဂျာများနှင့် စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစားအစာ ချက်ပြုတ်နည်း သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁၅

မြန်မာသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ သင်္ဘောများပေါ်တွင် စားဖိုမှူး၊ ဒုတိယစားဖိုမှူး၊ အလုပ်သင်စားဖိုမှူးအဆင့်များဖြင့် လုပ်ကိုင်နိုင်ရန် ရည်ရွယ်ကာ ဥရောပအစားအစာ ချက်ပြုတ်နည်း သင်တန်းများကို မတ် ၁၉ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အသင်းရုံးခွဲများ တည်ရှိရာ အမှတ် ၃၄ ယမုံနာလမ်း ယမုံနာ(၂)ရပ်ကွက် ဒေါပုံမြို့နယ် ရန်ကုန်မြို့နှင့် အမှတ်(၇) လေးဒေါင့်ကန် လမ်းမကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြင်ဦးလွင်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

ပြင်ဦးလွင် မတ် ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းရှင်းလင်းပွဲနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကြီးကြပ်မှု ကော်မတီဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအုပ် ဆရာမကြီး ဒေါ်အမာ၊ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၈၂၄ဦး တက်ရောက်ကြသည်။ (၀၈၈)

ဇန်နဝါရီ ၉ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေဇာလီလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်မှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



မိုးကြိုဂုန်လျှော်နှင့် ချည်ပေါင်လျှော်များ သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး

ဓနုဖြူမြို့နယ်တွင် တာဝန်ပေးအပ်

ဓနုဖြူ မတ် ၁၅

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၉-၂၀၁၀ခုနှစ် မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များ စိုက်ပျိုးထုတ်လုပ်ရန် ဝယ်ယူရေးစခန်းငါးခုအတွင်းရှိ ကျေးရွာအုပ်စု ၃၈အုပ်စုမှ ဥက္ကဋ္ဌများအား လျာထား သတ်မှတ်ဧက ၄၀၀၀ပြည့်မီကျော်လွန်အောင်စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မတ် ၄ရက် နံနက် ၁၀နာရီက ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များကို အရည်အသွေးကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် မအူပင် ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်က ဂုန်လျှော်၊ ချည်ပေါင်လျှော်၊ လျှော်ပင်ခြောက်နှင့် အစိမ်းချာခြောက်များအား ဈေးနှုန်းတိုးမြှင့်ဝယ်ယူရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မအူပင် ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်တို့က ဝယ်ယူရေးစခန်း အကျော်၊ လမန်း၊ ကမ်းငူကြီး၊ ဆကကြီး၊ သပြု၊ စံကင်း၊ စခန်းငါးခု ကျေးရွာအုပ်စု ၃၈အုပ်စုမှ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်ကြသည်။(အပေါ်ပုံ)

စိုက်ပျိုးထုတ်လုပ်သွား

ဓနုဖြူမြို့နယ်တွင် ၂၀၀၉-၂၀၁၀ မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များကို စိုက်ပျိုးရေးရာသီတွင် ဂုန်လျှော်၃၆၂၅ဧကနှင့် ချည်ပေါင်လျှော် ၃၇၅ဧက စုစုပေါင်း ၄၀၀၀ စိုက်ပျိုးထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ (၁၄၇)

ရခိုင်သဟာယအသင်း(ရန်ကုန်) မိတ်ဆုံအပန်းဖြေခရီးထွက်မည်

ရန်ကုန် မတ် ၁၅

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ မိတ်ဆုံအပန်းဖြေခရီးစဉ်အဖြစ် မတ်၂၇ ရက် နံနက်၆နာရီခွဲတွင် နှစ်ထပ်သင်္ဘောကြီးဖြင့် ရန်ကုန်မြို့ မော်တင်လမ်း ဆိပ်ခံဇေတံတားမှ ဒေးဒရဲမြို့သို့ စတင်ထွက်ကာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်ရောက်မည်ဖြစ်ပြီး သင်္ဘောပေါ်၌ ထမင်း၊ ဟင်းလျာနှင့် အချိုရည်များကို ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါအပန်းဖြေခရီးစဉ်ကို စိတ်ပါဝင်စား လိုက်ပါလိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁၂၆၄၈၉၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅၀၂၈၂၁၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄၀၄၀၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀၁၃၈၈၇၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉- ၅၀၂၁၄၃၂နှင့် ဒေါ်လှလှရီ ဖုန်း-၆၄၅၅၁၀ တို့ထံ လက်မှတ်များ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလောမြို့၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ကလော မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် လူမှောင်ခို၊ လူကုန်ကူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့မှ ရဲအုပ်နော်ဖောဖက လူကုန်ကူးမှုနှင့် လူမှောင်ခိုအကြောင်း၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးတင်စိုးရှိန်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ကော်ကော်မြင့်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်ဝင်းက မူခင်းကျဆင်းရေးတို့ကို ဟောပြောကြသည်။ (၀၂၄)

အမရပူရ၌ နှမ်းစပါးနှင့် မိုးကြိုဝါစိုက်ပျိုးရေး တာဝန်ပေးအပ်

အမရပူရ မတ် ၁၅

မန္တလေးတိုင်း အမရပူရမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါး၊ နွေနှမ်းနှင့် မိုးကြိုဝါစိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် မွန်းလွဲ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးအေးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြေစာရင်းဦးစီးမှူးဦးသိန်းလွင်က သီးနှံများစီမံကိန်းချထားမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ဆည်မြောင်းဦးစီးမှူး ဦးမောင်မောင်အေးက ရေပေးဝေမှုကို လည်းကောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုအလိုက် စိုက်/ကြပ်အဖွဲ့များအား နွေသီးနှံများစိုက်ပျိုးရေး တာဝန်များပေးအပ်သည်။ (၀၈၀)

၂၀၀၉ခုနှစ် ဒုတိယအကြိမ် (နေပြည်တော်) ဝန်ကြီးဌာနပေါင်းစုံ

အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၅

၂၀၀၉ ခုနှစ် ဒုတိယအကြိမ် (နေပြည်တော်) ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ရက် ညနေ ၄နာရီက နေပြည်တော်ရှိ ဘတ်စကက်ဘောပြိုင်ကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစီအစဉ်အရမြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ဘတ်စကက်ဘော အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယှဉ်ပြိုင်ကစား

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပထမနေ့ပွဲစဉ်အဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ အသင်း ၁၇သင်း ဝင်ရောက်ယှဉ်ပြိုင်ကာ မတ် ၂၅ရက် အထိ တစ်နေ့လေးပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် မတ် ၁၅

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အတွင်းရေးမှူး ဦးသိန်းမြင့်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော Myanmar Standards on Auditing ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

ကြိုတင်ဆက်သွယ်

ဟောပြောပွဲ တက်ရောက်ရန်အတွက် မတ် ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ပြီး နယ်မှလာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အား အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၁၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို မတ် ၁၃ရက် နံနက် ၁၁နာရီက နေပြည်တော်၌ ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Popular Bookstore Franschise

ဆိုင်ခွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

စင်ကာပူနိုင်ငံ Popular Holding Limited" Popular" နှင့် City Mart Holding Co., Ltd. တို့ ပူးပေါင်း၍ Popular Bookstore ၏ မြန်မာနိုင်ငံ ပထမဆုံး Franschise ဆိုင်ခွဲဖွင့်ပွဲကိုမတ်၁၅ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ East Point Shopping Center ၌ ကျင်းပသည်။

ပထမဆုံး

Popular သည် စာအုပ်များ ဖြန့်ဖြူးရောင်းချရာတွင် Customer လိုအပ်ချက်နှင့် ကိုက်ညီအောင် ခေတ်နှင့်အညီဖြန့်ဖြူးရောင်းချပေးနိုင်သော အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စသည်တို့၌ Popular Bookstore Franschise ဆိုင်ခွဲပေါင်း ရာကျော်ဖွင့်လှစ်ထားသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး Franschise ဆိုင်ခွဲ ဖွင့်လှစ်နိုင်ခြင်းသည် Popular ၏ စာအုပ်ရောင်းချဖြန့်ဖြူးသည့် ဈေးကွက်တွင် ခေါင်းဆောင်မှု သက်တမ်း ၈၅နှစ်အတွင်း နောက်ထပ် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခြင်းပင်ဖြစ်သည်။

Popular Bookstore ၌ စာရေးကိရိယာမျိုးစုံ၊ အင်္ဂလိပ်စာအုပ် စာပေမျိုးစုံ၊ စင်ကာပူ သင်ရိုးညွှန်းတမ်း သင်ထောက်ကူပစ္စည်းများ စုံလင်စွာ ရရှိနိုင်သည်။ ထို့ပြင် ရုံးသုံး၊ ကျောင်းသုံး၊အိမ်သုံး စာရေးကိရိယာများလည်း စုံလင်စွာရရှိနိုင်သည်။ စာဖတ်ဝါသနာပါသူများ၊ အထွေထွေဗဟုသုတရှာဖွေလိုသူများ၊ တိုးတက်လိုသူများ၊ မိမိတို့ဝါသနာနှင့်ကိုက်ညီမည့် လေ့လာဖွယ်စာအုပ်မျိုးစုံ၊ လူကြီး လူငယ်များနှင့် ကျောင်းသား ကျောင်းသူများအတွက် အားလပ်ရက်အကျိုးရှိစေမည့် စာအုပ်စာပေမျိုးစုံကိုလည်း Popular Bookstore တွင်ရရှိနိုင်သည်။ မူလတန်းကြိုမှ အတန်းစုံကျောင်းသားများအတွက် ပညာရေးဆိုင်ရာဖတ်စာအုပ်၊လေ့ကျင့်ခန်းစာအုပ်၊ ဖတ်မှတ်မှီငြမ်းသင့်သော စာအုပ်မျိုးစုံပါ ရရှိနိုင်သည်။ Sat$_s$ စာအုပ်မျိုးစုံကိုလည်း ရရှိနိုင်သောကြောင့် မိသားစုတိုင်း၊ ကျောင်းသားတိုင်း၊ စီးပွားရေးသမားတိုင်းအတွက် တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူ ရရှိနိုင်သော One-Stop စာအုပ် ဆိုင်ဖြစ်သည်။ **(ယာပုံ)**

ဆက်သွယ်

အသေးစိတ်သိရှိလိုပါက Popular Bookstore အမှတ် ၂၁၀ East Point Shopping Center ပုဇွန်တောင်မြို့နယ် ဖုန်း-၀၁-၃၉၄၂၁၃ (လိုင်းခွဲ-၂၁၀၊၂၁၁)တို့သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးအောင်ခင်စိုးအား ဖိလစ်ပိုင်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးအား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မီးဖို မီးကြွင်း၊ မီးကျန် သတိပြုရေး နှိုးဆော်ချက်

(က) မီးဖို မီးကြွင်း၊ မီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်သဖြင့်မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ ပြုလုပ်ကြရန်၊

(ခ) မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများကို မီးပလတ်ဖြုတ်၊ မိန်းခလုတ် (Main Switch) ချထားပြီးမှ အပြင်သို့သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ကြရန်၊

(ဂ) မီးဖို မီးကြွင်း၊ မီးကျန်များကို မငြိမ်းသတ်ဘဲ မေ့လျော့ပေါ့ဆစွာထားခဲ့ခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခဲ့ခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

(မီးသတ်ဦးစီးဌာန)

● ရှေ့ဖုံးမှ

လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းတိုးတက်ရရှိရေးအတွက် အထူးဖွံ့ဖြိုးရေး ဒေသကြီး ၂၄ခု သတ်မှတ်ကာ တက္ကသိုလ်များ ဖွင့်လှစ်တည်ဆောက်ပေးလျက်ရှိရာ လားရှိုးမြို့သည်လည်း အပါအဝင် ဖြစ်သည်။ လားရှိုးမြို့တွင် လားရှိုး တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းကြောင့် ဒေသတွင်း အဆင့်မြင့်ပညာ

"ဒီလိုနယ်စပ်ဒေသ၊ တောင်ပေါ် ဒေသလို နေရာမျိုးမှာ ကွန်ပျူတာတက္ကသိုလ်တွေ လာဖွင့်ပေးလို့ အများကြီး ကျေးဇူးတင်ပါတယ်"
မောင်မျိုးမြင့်ဦး(ကျောက်မဲ)
ဂုဏ်ထူးတန်းကျောင်းသား။

ရပ်များကို အိုးမကွာ အိမ်မကွာ လက်လှမ်းတမီ သင်ယူနိုင်ပြီ ဖြစ်သည်။

တွေ့ဆုံ

လားရှိုးမြို့တွင်ရောက်ရှိနေသော မြန်မာ့အလင်း သတင်းအဖွဲ့သည် ကွန်ပျူတာ တက္ကသိုလ် (လားရှိုး) အကြောင်း သိရှိနိုင်ရန် လားရှိုး ကွန်ပျူတာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်က "ကွန်ပျူတာ တက္ကသိုလ်(လားရှိုး)ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မန္တလေး ရထားလမ်းနှင့် လားရှိုး-နမ္မတူ ကားလမ်းဆုံရာ ၅၃ဧက ကျယ်ဝန်းသည့် မြေကွက်ပေါ်တွင်တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းများအပြင် ဂုဏ်ထူးတန်း၊ MI.Sc (Thesis)၊ MI.Sc(Course Work)၊ M.C. Tech(Thesis)နှင့်M.C.Sc (Thesis) သင်တန်းများတွင် ကျောင်းသား ကျောင်းသူ ၂၀၇ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိကြောင်း၊ ဆရာ ဆရာမ ၄၃ဦးတို့ဖြင့် စာပေဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောပြသည်။

မကြာမီ

ဆက်လက်၍ "ကျောင်းသား ကျောင်းသူများ ကွန်ပျူတာပညာရပ်များ အဆင့်မီ သင်ယူနိုင်ရေးအတွက် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) သုံးထပ် ကျောင်းဆောင်သစ်ကြီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီး ၁၁၂ဧက

"ရှမ်းပြည်နယ်မှာ ပညာတတ်တွေ ပေါ်များလာတာပေါ့"
မနန်းမီမီအိကျော်
တတိယနှစ် ကျောင်းသူ၊
သိန်းနီမြို့။

ကျယ်ဝန်းတဲ့ မြေကွက်ပေါ်၌ ၂၀၀၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ပန္နက်တင် ဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း" ရှင်းပြသည်။

လားရှိုးမြို့တွင် ကွန်ပျူတာ တက္ကသိုလ် ဖွင့်လှစ်သင်ကြားနိုင်မှုနှင့် ပတ်သက်၍လည်း "ကျွန်မကိုယ်တိုင်က ဒီဒေသခံတစ်ဦးပါ။ ကျွန်မငယ်စဉ်ဘဝကဆို နယ်မြေဒေသက မအေးချမ်းခဲ့ဘူး။ မအေးချမ်းတဲ့ ခံစားမှုနှင့် အေးချမ်းတဲ့အရသာ အင်မတန်

"မျိုးဆက်သစ် လူငယ်တွေကို ပညာတတ်တွေ၊ လူတော်တွေ ဖြစ်လာအောင် ကျွန်မတို့က ရှေ့ဆောင်လမ်းပြရမှာပါ"
ဒေါက်တာဒေါ်နန်းစိုးစိုးအောင်
ကျောင်းအုပ်ကြီး
ကွန်ပျူတာတက္ကသိုလ်(လားရှိုး)။

ကွာခြားပါတယ်။ အခုလို အေးချမ်းတည်ငြိမ်လာတော့ မျိုးဆက်သစ် လူငယ်တွေ ဒေသတွင်း အဆင့်မြင့်ပညာရပ်တွေ သင်ယူနိုင်ပြီး ပညာတတ်တွေ၊ လူတော်လူကောင်းတွေဖြစ်လာအောင် ကျွန်မတို့က ရှေ့ဆောင်လမ်းပြရမှာပါ"ဟု ဆက်လက်ရှင်းလင်းပြောပြသည်။

သင်တန်းနားချိန် စာသင်ခန်းထဲမှ ထွက်လာသော ကျောင်းသားတစ်ဦးအား စာပေသင်ယူရမှုအခြေအနေကို တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော့်နာမည်က မောင်ဝင်းကိုကိုပါ။ မူဆယ်မြို့မှာ နေပါတယ်။ ကွန်ပျူတာ တက္ကသိုလ် ပထမနှစ်မှာ တက်ရောက်ပညာသင်ကြားနေပါတယ်။ ဒီကျောင်းကြီး မရှိတုန်းက အိမ်က အစ်ကိုတွေ၊ အစ်မတွေ မန္တလေးမှာ သွားတက်ရတာ၊ အိမ်နဲ့ဝေးတယ်လေ၊ အခုဆို နီးနီးနားနား ကျောင်းတက်ရတော့ ပျော်တာပေါ့ဗျာ"ဟု ရယ်ရယ်မောမော ပြောပြသည်။

ဆက်လက်၍ နမ့်ခမ်းမြို့မှ ကျောင်းလာတက်သည့် ပထမနှစ်

"နီးနီးနားနား ကျောင်းတက်ရတော့ ပျော်တာပေါ့"
မောင်ဝင်းကိုကို (မူဆယ်)
ပထမနှစ်ကျောင်းသား။

ကျောင်းသူ ပလောင် တိုင်းရင်းသူ မလွေးထက်ထက်ငြိမ်းကလည်း "လိုင်းကားတွေ စီစဉ်ပေးထားတော့ ကျောင်းတက်ရတာ ပိုပြီးအဆင်ပြေပါတယ်။ ကျန်းမာရေးမကောင်းရင်တောင် မိဘတွေနဲ့ နီးနီးနားနားရှိတော့ ပူပင်စရာ မလိုတော့ဘူးပေါ့"ဟု ရှင်းလင်းပြောပြသည်။

ကျောက်မဲက မောင်မျိုးမြင့်ဦးကလည်း "ကျွန်တော်က ဂုဏ်ထူးတန်းတက်နေတာပါ။ ဒီလိုတောင်ပေါ်နယ်စပ်ဒေသလိုနေရာမျိုးမှာ ကွန်ပျူတာ တက္ကသိုလ်လာဖွင့်ပေးလို့ နိုင်ငံတော်ကို ကျေးဇူး အများကြီးတင်ပါတယ်"ဟု ပြောပြသည်။

အဆင်ပြေ

လားရှိုးမြို့နှင့် ၂၈မိုင် ဝေးသော သိန်းနီမြို့မှ လာရောက် ကျောင်းတက်သူ တတိယနှစ် ကျောင်းသူ ရှမ်းတိုင်းရင်းသူကလေး မနန်းမီမီအိကျော်အား လားရှိုးမြို့တွင် ကွန်ပျူတာ တက္ကသိုလ်ကြီး ဖွင့်လှစ်ပေးခြင်းအတွက် စိတ်ရင်းခံစားမှုကို မေးမြန်း

"လိုင်းကားတွေ လုပ်ပေးထားတော့ သွားရ လာရတာ ပိုပြီး အဆင်ပြေပါတယ်"
မလွေးထက်ထက်ငြိမ်း
ပထမနှစ်ကျောင်းသူ
(နမ့်ခမ်းမြို့)။

ကြည့်ရာ "လမ်းတွေကလည်း ကောင်းတယ်၊ သွားလို့လာလို့လည်း အဆင်ပြေတယ်၊ ရှမ်းပြည်နယ်မှာ ပညာတတ်တွေ ပေါ်များလာတာပေါ့"ဟု သတင်းအဖွဲ့ကို ပြောကြားသွားသည်။

တိုးမြှင့်

ယခင်က အဆင့်မြင့်ပညာကို ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများ၌သာ သင်ယူခွင့်ရရှိခဲ့သည်။ ယခုအခါ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလာပြီ ဖြစ်သည့်အတွက် နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ဒေသများတွင် ပညာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးများကို ဒေသခံပညာရှင်၊ ပညာတတ်များ၏ စွမ်းအားဖြင့် တိုးမြှင့်ဖော်ဆောင်ပေးသွားနိုင်မည် ဖြစ်သည်။

ဖွံ့ဖြိုးမှု

ယင်းသို့ ဖော်ဆောင်ပေးနိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု ဆူကြဲနိမ့်မြင့်ကွာဟမှုများ နည်းနိုင်သမျှ နည်းပါးသွားမည်ဖြစ်သည်။ ထို့အတူ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်မြင့်မားလာမည် ဖြစ်ပါကြောင်း စေ့ငုမေးမြန်း ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ယခင်က အဆင့်မြင့်ပညာကို ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများ၌သာ သင်ယူခွင့်ရရှိခဲ့။ ယခုအခါ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ဒေသများတွင် ပညာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးများကို ဒေသခံပညာရှင်၊ ပညာတတ်များ၏ စွမ်းအားဖြင့် တိုးမြှင့်ဖော်ဆောင်ပေးသွားနိုင်မည်။

မြန်မာ့ရုပ်မြင်သံကြား

၁၆-၃-၂၀၀၉ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အတီးပြိုင်ပွဲ
၈း၀၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၅။ **ပြည်ထောင်စုသားတို့အတွက် ခရီးဆက်ဦးမည့်မြန်မာ့မီးရထား**
၈း၂၅ ၆။ **အနိုင်အရှုံး** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၈း၃၀ ၇။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၅ ၈။ International News
၈း၅၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၂၅ ၄။ မြန်မာစာ မြန်မာစကား
၄း၃၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၄၅ ၆။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊ ရှော၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဌမ်းပုံ
၄း၅၀ ၇။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅း၀၀ ၈။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၅း၁၅ ၉။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၁၀။ အကပဒေသာ
၅း၃၅ ၁၁။ တေးဂီတအစီအစဉ်
၅း၅၀ ၁၂။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၃။ ညနေခင်းသတင်း
၆း၁၀ ၁၄။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၅။ ဆိုကြမယ်ပျော်ကြမယ်
၇း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၂၀)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁)
၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံတောင်ပိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ သာယာဝတီမြို့တွင် ၃၉ဒီဂရီစင်တီဂရိတ်နှင့် ပုသိမ်မြို့တွင် ၃၈ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ဒသမ ၅၁လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ ၃၅လက်မ၊ ပင်လောင်းမြို့တွင် ၀ဒသမ ၂၀လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် ၀ဒသမ ၀၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကချင်ပြည်နယ် ရှင်ဗွေယန် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၁၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ရှင်ဗွေယန် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၁၂ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သဖြင့် ထိုနေ့မှစ၍ အဆိုပါစက်ရုံမှ လွှင့်အား ဝပ်၅၀၊ လှိုင်းနှုန်း (J-13) ဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၅

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို မတ် ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများသည် အထောက်အထား မိတ္တူများဖြင့် မတ် ၂၀ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက နာယက ဦးကျင်ဖေ ဖုန်း-၅၅၇၇၀၄၊ နာယက ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃နှင့် ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၀၉-၉၉-၂၄၅၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❐ *ကျောဖုံးမှ*

အာရုံစူးစိုက်

အဆောက်အအုံ၏ ထိပ်ပိုင်း၌ လေးပေပတ်လည်ခန့် စတုရန်းပုံအပေါက်ကြီးတစ်ပေါက်ဖောက်ထားသည်။ အဆောက်အအုံမှာ အင်္ဂတေများ စိမ်းပြာပြာ မြင်တွေ့ရသဖြင့် မကြာမီက ဆောက်လုပ်ထားသည့် အဆောက်အအုံ ဖြစ်နိုင်သည်ဟု မှတ်ယူရသည်။ အဆောက်အအုံ၏ ထိပ်ပိုင်းဆီမှ ကျီ--ကျီ၊ ကျွိ-ကျွိ...- ဆိုသော ငှက်မြည်သံများ အဆက်မပြတ် ကြားနေရသည်။ စိတ်ဝင်စားဖွယ် ဖြစ်နေ၍ အာရုံစူးစိုက်ကြည့်နေမိသည်။

သတင်းစာတိုက်တာဝန်ခံဦးမြင့်သိန်း အနားသို့ ရောက်လာခဲ့သည်။ ''အဲဒါပေါ့ဗျာသိပ္ပံနည်းကျငှက်သိုက်ရှာဖွေရေးအိမ်ဆိုတာ၊ အဆောက်အအုံရဲ့ ထိပ်ဘက်မှာ ဇီဝဇိုးငှက်တွေကိုခေါ်တဲ့ စက်တွေ၊ စပီကာတွေ တပ်ဆင်ထားတာ၊ ဒါ့ကြောင့် ငှက်မြည်သံတွေ ကြားနေရတာပေါ့။'' သြော်....ဒါ့ကြောင့်ပေကိုး။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ဂဃနဏသိချင်စိတ်က ဖြစ်ပေါ်လာသည်။

ငှက်များ လာရောက်ရန် အသံချဲ့စက် စပီကာများဖြင့် သဘာဝငှက်သံ အတုပြုလုပ် လွှင့်ထုတ်ပေးနေစဉ်။
(မြန်မာ့အလင်း)

ပို့ဆောင်ပြသ

ဤသို့ဖြင့် နောက်နေ့တွင် မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က သတင်းအဖွဲ့အား ဆောင်းပါးများရေးသားရာတွင် ကူညီပေးနိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများကို ပြောကြားပေးသည်။

ယင်းတို့အနက် ဇီဝဇိုး ငှက်သိုက်ကျွန်းများကို အုပ်ချုပ်လုပ်ကိုင်နေသည့် မြိတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းဦးလည်း ပါဝင်သည်။ ဦးငြိမ်းဦး၏ စီစဉ်ပေးမှုကြောင့် နောက်တစ်ရက်တွင် မြိတ်ခရိုင် သစ်တောဦးစီးဌာနမှ တောအုပ် ဦးစန်းမြင့် လိုက်ပါလျက်မြိတ်မြို့ပေါ်ရှိသဘာဝငှက်အိမ်များနှင့် သိပ္ပံနည်းကျငှက်သိုက်ရှာဖွေရေး အိမ်များသို့ လိုက်လံပို့ဆောင်ပြသပေးခဲ့သည်။

အဆောက်အအုံ

ဤသို့ဖြင့် ဦးစန်းမြင့်၏ဦးဆောင်မှုဖြင့် သတင်းအဖွဲ့သည် ပင်လယ်ပြင်နှင့် ကျွန်းစုများကို မျက်နှာမူလျက်ရှိနေသော မြိတ်ဆိပ်ကမ်းသို့ ရောက်ခဲ့သည်။ ယင်းဆိပ်ကမ်းတွင် ဆေးသုတ်ထားခြင်းမရှိသောလေးထပ်တိုက်အရွယ် အဆောက်အအုံအချို့ကို တွေ့ရသည်။

''ကျွန်တော်တို့ ဒီမြို့မှာသဘာဝအလျောက်ဇီဝဇိုးငှက်တွေလာရောက်နားခိုတဲ့အိမ် သုံးအိမ်လောက်ပဲရှိတယ်။ ကျန်တာတွေက စက်တွေတပ်ဆင်ခေါ်တဲ့ ငှက်အိမ်တွေပါ၊ အားလုံး အလုံး၄၀ လောက်ရှိပါတယ်'' ဟုဦးစန်းမြင့်က ရှင်းပြသည်။

ဇီဝဇိုးငှက်များ

မြိတ်မြို့ဆိပ်ကမ်းရှိဦးရန်အေး-ဒေါ်မြင့်ဝင်းတို့ပိုင်ဆိုင်သော သဘာဝငှက်အိမ်သို့ ဦးစွာသွားရောက် လေ့လာခဲ့သည်။ အခြားသော လုပ်ငန်းရှင်များက စက်များသုံး၍ ဇီဝဇိုးငှက်များကို ခေါ်ယူနေချိန်တွင် အဆိုပါ သဘာဝငှက်အိမ်မှာ စက်များတပ်ဆင်ထားခြင်း မရှိခြင်းကြောင့် သဘာဝငှက်အိမ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ဇီဝဇိုးငှက်များ ယင်းသဘာဝငှက်အိမ်အတွင်း အန်ဖတ်များ အန်ထုတ်လိုက်၊ ပင်လယ်ကျွန်းစုများဆီသို့ ပျံသန်းလိုက် လုပ်နေသည်မှာ နှစ်ပေါင်း ၃၀ ကြာညောင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

ငှက်အိမ်

ယင်းငှက်အိမ်အတွင်း ဝင်ရောက်များတွင် ဥများဥရန် အသိုက်ဆောက်လေ့ရှိသည်။ ဇီဝဇိုးငှက် အထီးကသာ အသိုက်ဖွဲ့ပေးလေ့ရှိသည်။ အသိုက်ပြုလုပ်ရာတွင် ငှက်၏တံတွေးဂလင်းမှ စစ်ထုတ်လိုက်သော တံတွေးရည်များနှင့် ချေဖျက်ပြီး အစာရည်အချို့ပါဝင်ကြောင်း သိရသည်။ ယင်းတံတွေးများသည်လေနှင့်ထိတွေ့သည့်အခါမာကျောသွားစေသည်။ ယင်းအန်ဖတ်များကို ထပ်ခါထပ်ခါအန်ထုတ်ပြီးနှုတ်သီးဖြင့် ခွက်ပုံသဏ္ဌာန်ပြုလုပ်၍အသိုက်ပြုလုပ်ကြသည်။ ငှက်ထီးများ ပြုလုပ်ထားသည့် အသိုက်အတွင်း ငှက်မများက ဝင်ဥကြသည်။ တစ်နှစ်လျှင် နှစ်ကြိမ်ဥလေ့ရှိသည်။ ယင်းငှက်သိုက်မှာ အရွယ်ရောက် ငှက်တစ်ကောင်နှင့် ငှက်ပေါက်စနှစ်ကောင်နေရန်လုံလောက်သည်။ ငှက်လေးများ အမွေးအတောင်စုံ၍ ပျံသွားကြသည့် အခါမှသာလျှင် ယင်းအန်ဖတ်ငှက်သိုက်ကို ခွာယူကြရသည်ဟုဆိုသည်။

သတင်းအဖွဲ့သည် တောအုပ် ဦးစန်းမြင့်၏ ဦးဆောင်မှုဖြင့် သိပ္ပံနည်းကျ ငှက်သိုက်ရှာဖွေရေးအိမ်များဆီသို့ ဆက်လက်သွားရောက်ခဲ့သည်။

ကြီးမားလှသောအိမ်ကြီး

မြိတ်မြို့ ကမ်းနားလမ်း ကန်ကြီးကွက်သစ်ရပ်မှ ငှက်သိုက်အိမ်သို့ ရောက်သည်။ လေးထပ်တိုက်သမျှ ကြီးမားလှသော အိမ်ကြီးဖြစ်သည်။

''ကျွန်မတို့ ဒီလုပ်ငန်းကိုစလုပ်တာ တစ်နှစ်လောက်တော့ ရှိပါပြီ၊ ဒီလိုတိုက်တစ်လုံး ဆောက်မယ်ဆိုရင် ငွေကျပ်သိန်း ၆၅၀လောက် ကုန်ပါတယ်၊ ဒါပေမယ့်လည်း ဒီလိုလုပ်လို့ အောင်မြင်မှုရတာရှိလို့ လုပ်ငန်းရှင်တွေကလည်းယုံယုံကြည်ကြည်နဲ့ လုပ်ကိုင်နေကြတာဖြစ်ပါတယ်'' ဟုဒေါ်နန့်ဟွမ်ခမ်းက ဆက်လက်ရှင်းပြသည်။

ငှက်သိုက်ကို အဖြူရောင်ငှက်သိုက်နှင့် အမည်းရောင်ငှက်သိုက်ဟူ၍ နှစ်မျိုးရှိကြောင်းသိရသည်။ အဖြူရောင် ငှက်သိုက်တွင် အဖြူရောင်ငှက်မွေးများ ပါဝင်ပြီး၊ အမည်းရောင်ငှက်သိုက်တွင် အမည်းရောင်ငှက်မွေးများ

''ဒီစက်နဲ့ခေါ်တဲ့နည်းပညာဟာ မလေးရှားနည်းပညာဖြစ်ပါတယ်''
ဒေါ်နန့်ဟွမ်ခမ်း
ငှက်အိမ်ပိုင်ရှင်။

''အန်ထုတ်လိုက်တဲ့ အန်ဖတ်တွေ လေနဲ့ထိတွေ့ပြီး မာကျောသွားတော့ အသိုက်လုပ်ကြတယ်လေ''
ဒေါ်မြင့်မြင့်ဝင်း
အမှတ် ၁၂၊ ကမ်းနားလမ်း၊
မြိတ်မြို့။

ပါဝင်သည်။ အရွယ်အစားအားဖြင့် အမည်းရောင်ငှက်သိုက်သည် အဖြူရောင် ငှက်သိုက်ထက် နှစ်ဆကြီးသည်။ စီးပွားရေးဈေးကွက်တွင် အဖြူရောင် ငှက်သိုက်ကို လူကြိုက်ပိုများသောကြောင့် ဈေး ၁၀ ဆမျှ ပိုရကြောင်း သိရသည်။

ဇီဝဇိုးငှက်များသည် ပင်လယ်ကမ်းခြေရှိ လူနေခြင်းမရှိသောအိမ်များအတွင်း ဝင်ရောက်အသိုက်ပြုလုပ်လေ့ရှိသကဲ့သို့ လူသူမနီးသော ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ကျွန်းများပေါ်ရှိ အလွန်မြင့်မားသည့် ကျောက်ဆောင်လိုဏ်ဂူများ အထက်တွင် ငှက်သိုက်များ ဖွဲ့လေ့ရှိသည်။ ထိုသို့ ငှက်သိုက်ဖွဲ့သည့် ကျွန်းများကို ငှက်သိုက်ကျွန်းဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံတွင် ငှက်သိုက်ကျွန်းများကို ထားဝယ်၊ပုသိမ်နှင့်တနင်္သာရီတိုင်းတို့၌ တွေ့ရသည်။ တနင်္သာရီတိုင်း၌ ငှက်သိုက်ကျွန်းပေါင်း ၃၂ ကျွန်းရှိပြီး မြိတ်ကျွန်းစုရှိ မလိကျွန်း၊ ကျွန်းစုမြို့နယ်ရှိ ရေအေးကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်ရှိ ပုလုတိကျွန်းစု၊ ကော့သောင်းမြို့နယ်ရှိ ကဆိုင်းလှနှင့် ကော့ငန်းကျွန်းစုများသည် ငှက်သိုက်အများဆုံးထွက်ရှိသည့် ကျွန်းများ ဖြစ်သည်။

အာဟာရဓာတ်

ငှက်သိုက်ကို နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အားအင် ကုန်ခန်းနေသူများအား ငှက်သိုက် ပေါင်းကျွေးလေ့ရှိသည်။ ငှက်သိုက်တွင် ပရိုတင်းဓာတ်များ ပါဝင်ပြီး အာဟာရဓာတ်ပြည့်ဝ၍ ခွန်အားကိုဖြစ်စေသည်ဟု ဆိုသည်။

ထောက်ကူပြု

မြန်မာနိုင်ငံတွင်ငှက်သိုက်ရသော ကျွန်းများကို သစ်တောဦးစီးဌာနက အုပ်ချုပ်၍နှစ်စဉ်ငှက်သိုက်လိုင်စင်များထုတ်ပေးပြီး ငှက်သိုက်များ စုဆောင်းစေသည်။ ငှက်သိုက်သည် နိုင်ငံခြားငွေ ရရှိသည့်လုပ်ငန်းတစ်ရပ် ဖြစ်သည်။ တနင်္သာရီတိုင်းသည် ငှက်သိုက်အများဆုံးရရှိသည့် တိုင်းဖြစ်၍ နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုလျက်ရှိပါကြောင်းလေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဇီဝဇိုးငှက်များသည် ပင်လယ်ကမ်းခြေရှိ လူနေခြင်းမရှိသောအိမ်များအတွင်း ဝင်ရောက် အသိုက်ပြုလုပ်လေ့ရှိသကဲ့သို့ လူသူမနီးသော ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ကျွန်းများပေါ်ရှိ အလွန်မြင့်မားသည့် ကျောက်ဆောင်လိုဏ်ဂူများ အထက်တွင် ငှက်သိုက်များဖွဲ့လေ့ရှိ။ ထိုသို့ ငှက်သိုက်ဖွဲ့သည့်ကျွန်းများကို ငှက်သိုက်ကျွန်းဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံတွင် ငှက်သိုက်ကျွန်းများကို ထားဝယ်၊ ပုသိမ်နှင့် တနင်္သာရီတိုင်းတို့၌ တွေ့ရ။ တနင်္သာရီတိုင်း၌ ငှက်သိုက်ကျွန်းပေါင်း ၃၂ ကျွန်းရှိပြီး မြိတ်ကျွန်းစုရှိ မလိကျွန်း၊ ကျွန်းစုမြို့နယ်ရှိ ရေအေးကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်ရှိ ပုလုတိကျွန်းစု၊ ကော့သောင်းမြို့နယ်ရှိ ကဆိုင်းလှနှင့် ကော့ငန်းကျွန်းစုများသည်ငှက်သိုက် အများဆုံးထွက်ရှိသည့်ကျွန်းများဖြစ်။

အသံတုဖြင့် ငှက်အိမ်တည်ဆောက်ရန် ဆောက်လုပ်ထားသော တိုက်များကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

လေ့လာခဲ့သည်။ လူနေခြင်းမရှိတော့သည့် ပျဉ်ထောင်အိမ် အိမ်အို၊ အိမ်ဟောင်း တစ်လုံးမျှသာဖြစ်သည်။ သို့သော် ရွှေအိမ်၊ ငွေအိမ်ဟုပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ငှက်သိုက်ဟုခေါ်သည့် ဇီဝဇိုးအန်ဖတ်အခဲ တစ်ကျပ်သားလျှင် ကျပ်သုံးသောင်းဈေးရှိသည်။ တစ်ပိဿာလျှင် ကျပ်သိန်း ၃၀ရှိသည်။ တစ်နှစ်အနည်းဆုံး ငါးပိဿာအထိရနေကြောင်းသိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် သဘာဝငှက်အိမ်ပိုင်ရှင်ဒေါ်မြင့်ဝင်း၏ ခွင့်ပြုချက်အရ အထဲသို့ဝင်ရောက်လေ့လာခွင့်ရသည်။ အိမ်၏ကြမ်းပြင်တန်းများ၊ ခါးပန်းများတွင် အုပ်လိုက်အသုတ်လိုက် ဇီဝဇိုးငှက်များတွဲခိုလျက်ရှိသည်ကို တွေ့ရသည်။ အချို့သောနေရာများတွင်အန်ဖတ်များဖြင့်အသိုက်လုပ်ထားသည်ကို တွေ့ရသည်။

အသိုက်ဆောက်လေ့ရှိ

ဇီဝဇိုးငှက်များသည် မျိုးပွားရာသီဖြစ်သော ဇန်နဝါရီ၊ဧပြီနှင့် ဩဂုတ်လ

ဒီကမ်းနားလမ်းမှာ စက်တွေနဲ့ခေါ်တဲ့ ဇီဝဇိုးငှက်အိမ်ခြောက်လုံးလောက်ရှိပါတယ်၊ငှက်တွေစတော့ဝင်စပြုနေပါပြီ။ ပထမမှာတော့ တန်းတွေမှာ မှိုတွေစွဲနေတော့ အဝင်တော့နည်းသွားတယ်၊ ဒီစက်နဲ့ခေါ်တဲ့နည်းပညာကမလေးရှားနည်းပညာ ဖြစ်ပါတယ်။ မလေးရှားပညာရှင်တွေ ဒီကိုတစ်နှစ်သုံးကြိမ်လောက် လာလုပ်ပေးပါတယ်၊ ဒီဇီဝဇိုးငှက်သံတွေကို MP3 နဲ့ အသံသွင်းထားပြီး စပီကာတွေကို အခန်းဝတွေမှာ ချိတ်ဆွဲထားတာ ဖြစ်ပါတယ်။ ဇီဝဇိုးငှက်တွေဟာဘယ်လိုရာသီမှာ ဘယ်လိုအသံတွေ အော်တတ်တယ်၊ ဘယ်လိုသဘောသဘာဝတွေ ရှိတယ်ဆိုတာတွေ အသေအချာ သုတေသနပြုလေ့လာပြီးမှ အသံသွင်းလို့ရပါတယ်'' ဟု ဇီဝဇိုးငှက်အိမ်များကို ကြီးကြပ်လုပ်ကိုင်နေသူ ဒေါ်နန့်ဟွမ်ခမ်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

''ဒီသိပ္ပံနည်းကျငှက်သိုက်ရှာဖွေရေးအိမ်တွေဆောက်လုပ်ပြီးလုပ်ကိုင်နေတာဟာအရင်းအနှီးတော့များပါတယ်။

ငှက်သံအတုပြုလုပ်ကာ ဇီဝဇိုးငှက်များ အန်ဖတ်အသိုက်ပြုလုပ်ရန် တည်ဆောက်ထားသော အလျားပေ ၁၂၀၊ အနံ ၅၅ ပေရှိ ငှက်အိမ် အဆောက်အအုံ။
(မြန်မာ့အလင်း)

မူးယစ်ဆိုက ဆန့်ကျင်ကြ

ခင်မောင်ထွန်း (လမ်းမတော်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကြီးကို ၁၉၉၄ခုနှစ် ဇွန်လ၂၆ရက်နေ့(အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့)တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၄ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့တွင် အသင်းအဖွဲ့ မှတ်ပုံတင်အမှတ် (၁၇၇၀)ဖြင့် ဖွဲ့စည်းခွင့် ရရှိခဲ့ပါသည်။

အသင်းကြီး၏မျှော်မှန်းချက်မှာ မူးယစ်ဆေးဝါးကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း (Myanmar Drug Free Society)ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။ အသင်းကြီး၏ ပန်းတိုင်မှာ မူးယစ်ဆေးဝါး အလွဲသုံးသူများ၊ ၄င်းတို့နှင့် ဆက်နွှယ်လျက်ရှိသော အန္တရာယ်ရှိသူများအတွက် အလွဲသုံးစွဲမှု လျော့နည်းပပျောက်စေခြင်းဖြင့် အရည်အသွေး တိုးတက်မြင့်မားသော လူ့ဘောင် အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရန် ဖြစ်ပါသည်။

အသင်း၏ ရည်မှန်းချက်များမှာ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ဆက်နွှယ်နေသော ကူးစက်ရောဂါအန္တရာယ်များ လျော့နည်းရေး (Harm Reduction) လုပ်ငန်းများ ထိရောက်စွာ တိုးချဲ့ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွှယ်သော ပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် ဘက်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနှင့်ပူးပေါင်းဆောင်ရွက်ရေး၊မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော အချက်အလက်များကို သုတေသနပြုလုပ်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ဖြန့်ဝေရေး၊ စီမံခန့်ခွဲခြင်း၊ စီမံကိန်းရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော်ရေးတို့ ဖြစ်ပါသည်။

အသင်း၏ဆောင်ပုဒ်မှာ **"မူးယစ်ဆိုက ဆန့်ကျင်ကြ"**ဖြစ်သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကြီး၏ ဥက္ကဋ္ဌ အပါအဝင် ဗဟိုအလုပ်အမှုဆောင်များမှာ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း အကြီးတန်းအရာရှိများ၊ အငြိမ်းစား ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် ဖွဲ့စည်းထားသကဲ့သို့ ပြည်နယ်/တိုင်းနှင့် ခရိုင်၊ မြို့နယ်များတွင်လည်း အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၊ ကျွမ်းကျင်သူများ၊ စေတနာရှင်များနှင့် ဖွဲ့စည်းထားပါသည်။ အမှုဆောင်များနှင့် အသင်းဝင်များအားလုံးသည် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းခဲ့သည်မှာ သက်တမ်းအားဖြင့် ၁၄နှစ်ကျော်ပြီ ဖြစ်သည်။

၁၉၉၄ခုနှစ်က စတင်ဖွဲ့စည်းသည့် အင်န်ဂျီအိုခေါ် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်၏။ အသင်း၏ အမည်ဖြစ်သော (Myanmar Anti-Narcotics Associatiob)ကို အတိုကောက်ပြု၍ (MANA)**"မာနာ"** ဟုလည်း ခေါ်ပါသည်။

"မာနာ"သည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် စပ်လျဉ်းသော ပြဿနာများကို ကြိုတင်ကာကွယ်ပညာပေး၍ ကူညီစောင့်ရှောက်နေသော အသင်းကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်း၌ ဖွဲ့စည်းတည်ထောင်ထားသည့် တစ်ခုတည်းသော အသင်းကြီးလည်း ဖြစ်သည်။ ပြည်တွင်းပြည်ပမှ အလားတူရည်ရွယ်ချက်တူသော အသင်းအဖွဲ့များနှင့်လည်း ဆက်စပ်ဆောင်ရွက်နေပါသည်။ ဤလုပ်ငန်းကို ဆောင်ရွက်ရာ၌ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ကျန်းမာရေးနှင့် လူမှုရေးတို့၌ စိတ်ချလုံခြုံမှုရှိစေရန် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် စပ်လျဉ်းသည့် ပြဿနာများကိုကူညီ၍ ကိုင်တွယ်ဖြေရှင်းပေးလျက် ရှိသည်။ အသင်းကြီးသည် ထိုသို့ ဝန်ဆောင်မှုများပြုလုပ်နိုင်ရန် လုပ်ငန်းစဉ်များကို ကဏ္ဍများကျယ်ပြန့်စွာ တိုးချဲ့ဖွဲ့စည်း လုပ်ကိုင်လျက်ရှိပါသည်။

ပြောင်းလဲနေသော မူးယစ်သုံးစွဲမှု ပြဿနာများသည် မူးယစ်ဆေးဝါးတို့၏ စရိုက်လက္ခဏာများနှင့်အတူ သုံးစွဲပုံ သုံးစွဲနည်းများမှာလည်း တစ်သမတ်တည်း မဟုတ်ဘဲ အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ ဆေးဝါးထုတ်လုပ်သုံးစွဲမှု၏ ပြောင်းလဲနေသော မာယာပရိယာယ်များက လူငယ်လူရွယ် တစ်ဦးချင်းကို ဖြစ်စေ၊ မိသားစုကိုဖြစ်စေ ဒုက္ခအမျိုးမျိုးပေးလျက်ရှိသည်။ ရပ်ကွက်၊ မြို့နယ် တိုင်း၌ မူးယစ်ဆေးကင်းစင်လျှင် တိုင်းပြည်တွင် ကျန်းမာရေးနှင့် လူမှုရေး ပတ်ဝန်းကျင်များ ပိုမိုတိုးတက်စည်ပင်မည်မှာ သေချာမလွဲဖြစ်သည်ဟု မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)က အခိုင်အမာ ယုံကြည်ပါသည်။

မူးယစ်ကင်းစင်သော လူမှုဝန်းကျင်ဖြစ်လာစေရန်နှင့် ဆေးစွဲပြီးနောက် ဆေးပြတ်သွားသူတို့၏ ဘဝအရည်အသွေးကို မြှင့်တင်ပေးရန်လည်း ပါဝင်သည်။ ထို့ကြောင့် အသင်းကြီးက ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်စီမံရေး နယ်ပယ်ကဏ္ဍများနှင့် ချိတ်ဆက်၍ လုပ်ကိုင်ရသည့်အပြင် လူမှုဝန်ထမ်း လုပ်ငန်းဆိုင်ရာတို့နှင့် တွဲဖက်ဆောင်ရွက်ရသည်။ သို့မှသာ မူးယစ်ဆေးဝါး ပြဿနာကို တားဆီးကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အကာအကွယ် အစောင့်အရှောက် အကူအညီနှင့် ထောက်ပံ့ကူညီမှုတို့ ရရှိနိုင်ရန် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေပါလိမ့်မည်။

ဤအသင်းကြီး (မာနာ)၏ လုပ်ငန်းများကို နိုင်ငံတကာက အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့ကလည်း ဆက်သွယ် ထောက်ခံအားပေးလျက် ရှိနေပါသည်။

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်ပတ်သက်၍ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးမူဝါဒများ၊ လုပ်ငန်းစဉ်များကို ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အသင်းကြီးသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အဖွဲ့ချုပ်နှင့်လည်းကောင်း၊ အာဆီယံဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အဖွဲ့ချုပ်များနှင့်လည်းကောင်း နီးကပ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်လည်းရှိပါသည်။ အဖွဲ့အောက်ရှိ အဖွဲ့အစည်းများ၏ အစည်းအဝေးများနှင့် ကော်မတီလုပ်ငန်းများတွင် ပါဝင်တက်ရောက်လျက် ဆွေးနွေးညှိနှိုင်း၍ လုပ်ကိုင်နေပါသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းမှ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကုသ နှိမ်နင်းရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မာနာအသင်းကြီး၏ လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေသူများကလည်း ဤကိစ္စအတွက် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ညီညွတ်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတကာနှင့်ညှိနှိုင်းသဘောတူမှု ဘောင်အတွင်းမှလည်း ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်နေပါသည်။

"မာနာ"ခေါ် ဤအသင်းကြီး၏ ၂၀၀၇-၂၀၀၈ခုနှစ်အတွက် လုပ်ငန်းများ၌ သိသာသော ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့ပါသည်။ အသင်းကြီး၏ နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်မှုအရည်အသွေးကို ပြသနိုင်ခဲ့သောကြောင့် ပူးပေါင်းပါဝင်မှုများ၊ ဆက်လက်တိုးတက်မှုများ ရရှိခဲ့သည်။

"မာနာ"အဖွဲ့၏ လုပ်ငန်းရည်မှန်းချက်(၅)ရပ်မှာ (၁) မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး၊ (၂) မူးယစ်အန္တရာယ်ဖြစ်ပေါ်မှုလျော့နည်းရေး၊ (၃) စီမံကိန်းများကို ဘက်ပေါင်းစုံ ပါဝင်စည်းရုံး ဟောပြောခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေး၊ (၄) သုတေသနလုပ်ငန်းများပြုလုပ်၍ တွေ့ရှိမှုများကို အကဲဖြတ်သုံးသပ်ရေးနှင့် ဖြန့်ဝေရေး၊ (၅) စီမံခန့်ခွဲမှု၊ စီမံချက်ရေးဆွဲမှုနှင့် ဝန်ထမ်းအရည်အချင်း တိုးတက်အောင်ပြုလုပ်ရေးတို့ ဖြစ်သည်။ ဤရည်မှန်းချက်များမှာ တစ်ခုနှင့် တစ်ခု အပြန်အလှန် အထောက်အကူပြုလျက်ရှိကြပါသည်။

ဤမဟာဗျူဟာစီမံချက်ကြီးတစ်ခုလုံး အောင်မြင်ရေးအတွက် ဗဟိုအဖွဲ့အစည်းမှစ၍ ပြည်နယ်နှင့်တိုင်းများ၊ခရိုင်နှင့်မြို့နယ်များအထိ အဆင့်ဆင့်သော အဖွဲ့ခွဲများက ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်တာဝန်ယူကြမည် ဖြစ်ပါသည်။

လုပ်ငန်း၏ပထမအဆင့်တွင် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များမှာ စီမံခန့်ခွဲမှုလုပ်ငန်း၊ စီမံချက်ရေးဆွဲခြင်းနှင့် ဝန်ထမ်းများ အရည်အသွေး ပြည့်ဝစေမှုတို့ ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် နိုင်ငံတစ်ဝန်းတွင် နည်းဗျူဟာအသစ်ကို သဘောပေါက် နားလည်စေရန် ထိရောက်သောစနစ်များဖြင့် ဆက်သွယ်ကြမည် ဖြစ်ပါသည်။ ဤလုပ်ငန်းမှတစ်ဆင့် "မာနာ" အဖွဲ့၏ လုပ်ငန်းအားလုံးတွင် အရှိန်မပျက်ဆောင်ရွက်ရေး၊ ဆက်ဆံမှုပြေပြစ်ရေးနှင့် တာဝန်ခံဆောင်ရွက်မှုရှိရေးတို့ကို တည်ဆောက်သွားကြရပါမည်။

အနာဂတ်အတွက် အလေးထားရမည့်အချက်များမှာ မာနာအဖွဲ့က ယခုကိုင်တွယ်ဆောင်ရွက်ရမည့် အဆင့်အလိုက် အလေးထားရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ အသစ်ရေးဆွဲထားသော နည်းဗျူဟာ ပြောင်းလဲအကောင်အထည်ဖော်မည့်လုပ်ငန်းတွင် စီမံခန့်ခွဲကွပ်ကဲရာ၌ အဖွဲ့ကြီး၏ အဆင့်အားလုံးနှင့် မြန်မာတစ်နိုင်ငံလုံးသို့ သိရှိစေရန် အားသစ်ခွန်သစ်ဖြင့် ဆောင်ရွက်ရေး၊

၂။ အသင်းကြီး၏ လုပ်ငန်းအစီအစဉ်များ လူ့အဖွဲ့အစည်းအတွင်း ရောက်ရှိ ပြန့်ပွားစေရန်အတွက် အသိပေးရာ၌ လုပ်ငန်းတွင် တက်ကြွစွာပါဝင်ကူညီမည့် စေတနာ့ဝန်ထမ်းများရရှိရေး၊ ရပ်ရွာလူထုထံမှ ထောက်ခံကူညီမှု ပိုမိုရရှိရေးနှင့် လုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင် ကူညီလိုသူများ ပိုမိုရရှိရေး၊

၃။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ယင်းဆေးဝါးများ၏ စရိုက်သဘာဝလက္ခဏာ လျင်မြန်စွာပြောင်းလဲတတ်ခြင်းကို ပိုင်နိုင်စွာသဘောပေါက်စေရေးနှင့် ဆေးဝါးသစ်တစ်မျိုးချင်းကို တုံ့ပြန်တွန်းလှန်ကာကွယ်နိုင်ရန်နှင့် သက်ရောက်တတ်သော ဆိုးကျိုးတို့ကို သိရှိပြီး ကုသမှု၊ စောင့်ရှောက်မှုနှင့် အားပေးကူညီမှုတို့ကို ပြုလုပ်ပေးနိုင်ရေးတို့ ဖြစ်ပါသည်။

အသင်းကြီးသည် မူးယစ်ဆေးဝါးအလွဲသုံးသူများနှင့်ဆက်နွှယ်ပတ်သက်မှုများကို "ဖမ်းဆီးအရေးယူမည့်အဖွဲ့ကြီး လုံးဝမဟုတ်ဘဲ" မှားယွင်းစွာ အလွဲသုံးစွဲသူများ၊ ဆက်နွှယ်နေသူများကို အလွဲသုံးမှုလျော့နည်း၍ ဆေးပြတ်သွားစေရန်နှင့် အလွဲသုံးရာမှ ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးဖြစ်သော HIV/AIDS ရောဂါဆိုးများဖြစ်ပွားမှု လျော့နည်းရာမှ ရပ်တန့်သည်အထိ ပညာပေးခြင်း၊ ကူညီပေးခြင်း၊ လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့လာစေ၍ ဘဝတစ်သက်တာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ညင်သာစွာဖြင့် ဆောင်ရွက်ပေးမည့် အကျိုးဆောင်အဖွဲ့ကြီးအကြောင်းကို ပြည်သူလူထုနယ်ပယ်တွင် သိရှိကြစေရေးအတွက်ကိုလည်း ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ကင်းစင်သော နိုင်ငံအဖြစ် စီမံချက်ချမှတ်၍ "အမျိုးသားရေးအမြင်"ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေချိန်တွင် ပြည်သူတစ်ရပ်လုံးကလည်း အနာဂတ် နိုင်ငံတော်ကြီးတွင် မူးယစ်ကင်းစင်စေရေးအတွက် "မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကြီး" နှင့် ရည်ရွယ်ချက်တူအသင်းများ အတူပူးပေါင်းပါဝင်ကြရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတွင် မူးယစ်ကင်းစင်သော နိုင်ငံအဖြစ် စီမံချက်ချမှတ်၍ "အမျိုးသားရေးအမြင်" ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေချိန်တွင် ပြည်သူတစ်ရပ်လုံးကလည်း အနာဂတ်နိုင်ငံတော်ကြီးတွင် မူးယစ်ကင်းစင်စေရေး အတွက် "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီး" နှင့် ရည်ရွယ် ချက်တူ အသင်းများအတူ ပူးပေါင်းပါဝင်ကြရန် အချိန်ကျရောက်နေပြီဖြစ်။

အုတ်တွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့် မီးသတ်ဆေးဘူးနှင့်ကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိ

အုတ်တွင်း မတ် ၁၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမှတ်(၆၉)သစ်စက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက် သရုပ်ပြ လေ့ကျင့်၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက အမှတ်(၆၉)သစ်စက် ဗောဓိကုန်းတွင် အုတ်တွင်းမြို့မ သန္တေအရန် မီးသတ်တပ်ဖွဲ့နှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေး

သရုပ်ပြမီးငြိမ်းသတ်ရာတွင် စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ အလုပ်သမားများပါဝင် ဆောင်ရွက်ကြပြီး အုတ်တွင်းမြို့နယ် မီးသတ်စခန်း တာဝန်ခံ တပ်ကြပ်ကြီးသိန်းမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီသိုလှောင်ရုံ၊ အင်ဂျင်စက်ခန်း၊ ပင်မစက်ရုံနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးသတ်ဆေးဘူးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ပြုလုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၃၁၆)**

16-3 (10).pmd 1 3/16/2009, 1:41 AM

နိုးနိုးကြားကြား ပြည်တွင်းအားကစား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ရတနာပုံ F.C ပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းအား အမှတ်တရ ရင်ထိုးတံဆိပ် တပ်ဆင်ပေးစဉ်။

(မြန်မာ့အလင်း)

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ အပြောင်းအရွှေ့ ဈေးကွက်လှုပ်ရှား ဧယျာရွှေမြေ F.C အပြောင်းအရွှေ့စရိတ် သိန်း ၄၀၀နီးပါးအသုံးပြု ကစားသမားများ ခေါ်ယူထား

သတင်းဆောင်းပါး - ဖိုးသော်ဇင်   ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့်   စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးတော့မည့် ပရိုစနစ်ဖြင့် ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် ကလပ်အသင်းများအတွက် ကစားသမား အပြောင်းအရွှေ့ ဈေးကွက်ကို မတ် ၅ရက်မှစ၍ စတင် ဖွင့်လှစ်ခဲ့ပြီ ဖြစ်သည်။ အသင်းများမှာ ကစားသမားကောင်းများ၊ အလားအလာရှိသည့် လူငယ်ကစားသမားများကို ခေါ်ယူနိုင်ရန် အပြိုင်ကြိုးပမ်းလျက်ရှိရာ အပြောင်းအရွှေ့ဈေးကွက်မှာ သက်ဝင်လှုပ်ရှားလျက်ရှိသည်။

ကမ်းလှမ်းနေ

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲမှာ မေလအတွင်း စတင်ကျင်းပတော့မည်ဖြစ်ရာ ယင်းကာလမတိုင်မီ အသင်းဖွဲ့စည်းပြီး ပြိုင်ပွဲမတိုင်မီ အဆင်သင့်ဖြစ်နေစေရန်အတွက် ကလပ်အသင်းများမှာ အပြိုင်ပြင်ဆင်နေကြသည်။ တစ်သင်းလျှင်ပြည်ပအားကစားသမား ငါးဦးစီ ခေါ်ယူခွင့်ပြုထားရာ ပြည်ပကစားသမားများခေါ်ယူနိုင်ရေးအတွက် ကြိုးပမ်းနေကြသကဲ့သို့ မြန်မာလိဂ်ပြိုင်ပွဲများတွင် ခြေစွမ်းပြနေသူများ၊ အသင်းတွင်အံဝင်နိုင်မည့်ကစားသမားများ၊ ရေရှည်အသုံးပြုနိုင်မည့် လူငယ်ကစားသမားများကို အပြောင်းအရွှေ့ စတင်ကျင်းပသည့်နေ့မှစ၍ တစ်သင်းနှင့် တစ်သင်းအပြိုင် ကမ်းလှမ်းနေကြခြင်းဖြစ်သည်။

ပြောင်းရွှေ့ကြေး

လက်ရှိမြန်မာ့လက်ရွေးစင်အသင်းတွင် ခြေစွမ်းပြနေသည့် ကစားသမားတစ်ဦးလျှင် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ တစ်လလျှင် လစာကျပ် ၁၀သိန်းအထိ ရနေပြီး လူငယ်ကစားသမားများပင်လျှင် တစ်လ လစာကျပ်သုံး လေးသိန်းလောက်ရရှိနေကြောင်း သိရသည်။ မတ် ၁၄ရက်အထိ အပြောင်းအရွှေ့ဖြစ်သွားသည့် ကစားသမားများရှိသလို အကြိုသဘောတူညီမှု ရရှိထားသည့် ကစားသမားများလည်းရှိသည်။ ယခုလောလောဆယ် စစ်ကိုင်းတိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ဧယျာရွှေမြေအသင်းမှာ ကစားသမား ၁၅ဦးကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာ စာချုပ်ချုပ်ရန် သတ်မှတ်ထားသည့် မတ် ၁၇ ရက်မှစ၍ အပြောင်းအရွှေ့စာချုပ်များကို လက်မှတ်ရေးထိုးသွားမည် ဖြစ်သည်။ ဧယျာရွှေမြေအသင်းမှာ ယင်းကစားသမား ၁၅ဦးအတွက် အပြောင်းအရွှေ့စရိတ် ကျပ်သိန်း ၄၀၀ နီးပါးသုံးစွဲထားပြီဖြစ်သည်။ ခေါ်ယူထားသော ကစားသမား၁၅ဦးတွင် စီးပွား/ကူးသန်းမှ ၁၂ဦး၊ အားကစားဝန်ကြီးဌာနမှ နှစ်ဦးနှင့် မြို့တော်စည်ပင်မှ တစ်ဦးတို့ ဖြစ်ကြသည်။ မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်ကြသည့် ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့် တို့သုံးဦးကို ပြောင်းရွှေ့ကြေး ကျပ်သိန်း၅၀စီ၊ လစာကျပ် ၁၀ သိန်းစီဖြင့် လည်းကောင်း၊ စီးပွား/ကူးသန်းအသင်းမှ ဇော်မိုးထက် (ဂိုး)၊ မျိုးဇော်ထွန်းနှင့် ထူးကျော်တို့ကို ပြောင်းရွှေ့ကြေးကျပ်သိန်း၃၀စီ၊ လစာကျပ်ငါးသိန်းစီ၊ စီးပွား/ကူးသန်းမှ ကျော်ဇင်ဝင်း၊ ချမ်းချမ်း၊ တင်ယု(ဂိုး)၊ မြို့တော်စည်ပင်မှ ကျော်ငွေဦးတို့ကို ပြောင်းရွှေ့ကြေး ကျပ် သိန်း၂၀စီ၊ လစာကျပ် ငါးသိန်းစီ၊ အားကစားဝန်ကြီးဌာနမှ ကျော်ကိုကိုနှင့် ဇော်လင်းထက်၊ စီးပွား/ကူးသန်းမှ ဇော်ဇော်အောင်၊ မင်းကိုကိုနှင့် အောင်ကိုကိုဝင်းတို့ကို ပြောင်းရွှေ့ကြေး ကျပ်၁၅သိန်းစီ၊ လစာကျပ်လေးသိန်းစီဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုမှာ ပြီးခဲ့သည့် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်းဖိုလ်စွဲရာ၌ အဓိကနေရာမှ ပါဝင်ကစားခဲ့သူဖြစ်သည်။

နီးစပ်နေ

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်းများဖြစ်သော ကမ္ဘောဇ F.C သို့ လက်ရွေးစင်နောက်ခံလူ မိုးဝင်းနှင့် ခင်မောင်လွင်၊ ပို့ဆောင်ရေးမှ ဝင်းမင်းထွဋ်နှင့် ထက်အောင်၊ မကွေး F.C သို့ ဘိုဘိုအောင်၊ ဇော်ထက်အောင်၊ ပြည့်ဖြိုးဦး၊ ရတနာပုံ F.C သို့ ပိုင်စိုးနှင့် ခင်မောင်ထွန်း၊ ရန်ကုန်ယူနိုက်တက် F.C သို့ ရဲဝေယံစိုးတို့ ရောက်ရှိရန် နီးစပ်နေသည်ဟု သတင်းစကားများထွက်ပေါ်နေပြီး နာမည်ကြီးကစားသမားများဖြစ်သည့် ရန်ပိုင်၊ စိုးမြတ်မင်း၊ အောင်အောင်ဦး၊ စည်သူဝင်း၊ လွင်ဦး၊ မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ မင်းသူတို့ကိုလည်း ကလပ်အသင်း အများအပြားကခေါ်ယူရန် ကမ်းလှမ်း နေကြကြောင်း သိရသည်။ ပြိုင်ပွဲဝင် ကလပ်ရှစ်သင်းတွင်လည်း ယခုနှစ်၌ ပြည်ပကစားသမား ခေါ်ယူရန် ကြိုးပမ်းနေသည့် အသင်းနှစ်သင်းသာရှိပြီး ရတနာပုံ F.C မှာ နိုင်ဂျီးရီးယား သုံးဦး၊ အိုင်ဗရီကို့စ်နှစ်ဦး၊ ရန်ကုန်ယူနိုက်တက် F.C မှာ နိုင်ဂျီးရီးယား သုံးဦးကို ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက် ရှိသည်။ အပြောင်းအရွှေ့ဈေးကွက် စတင်သည်မှာ ၁၀ရက်ကျော်သာရှိသေး၍ ပရိသတ်များစိတ်ဝင်စားနေသည့် ကစားသမား အပြောင်းအရွှေ့များမှာ များစွာ ဖြစ်ပေါ်လာဖွယ် ရှိသည်။

မူလကမေလအတွင်း မြန်မာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲကို စတင်နိုင်ရန် စီစဉ်ထားသော်လည်း ယခုအမှတ်ပေးပြိုင်ပွဲဖြင့်သာ စတင်ရန်စီစဉ်နေကြောင်း သိရသည်။ ယခု ၂၀၀၉ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲကို ရန်ကုန်မြို့၌သာ ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပနိုင်ရန် လျာထားကြောင်းလည်း သိရသည်။ အိမ်ကွင်း၊ အဝေးကွင်း စနစ်ဖြင့် ကျင်းပမည့်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် IBTC မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က သုံးနှစ်တာအတွက် ကျပ်သိန်း ၁၂၀၀၀ ပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ပြီး မြန်မာဘောလုံးတိုးတက်ရေး အစဉ်အမြဲ ပံ့ပိုးကူညီခဲ့သော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တိုင်းတွင် အနိုင်ရသောအသင်းအား ကျပ်၁၀သိန်း၊ အကောင်းဆုံးဘောလုံးသမားဆု(Man of the Match)ကို ကျပ်သုံးသိန်း၊ ပထမဆုရအသင်းအား ကျပ်သိန်း ၁၀၀၊ ဒုတိယဆုရအသင်းအား ကျပ်သိန်း၅၀၊ အသန့်ရှင်းဆုံးအသင်းဆု ကျပ် ၂၅သိန်း ချီးမြှင့်သွားမည်ဟု မတ်၄ရက် ညပိုင်းက ကျင်းပခဲ့သော မြန်မာနေရှင်နယ်လိဂ် ဂုဏ်ပြုညစာစားပွဲတွင် ထုတ်ဖော်ကြေညာခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ရှစ်သင်းအား အမှတ်တရ ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ပြီး အခြေခံပညာကျောင်းများအတွက် ဘောလုံးအလုံး၁၀၀၀ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဧရာဝတီတိုင်းကိုယ်စားပြုယှဉ်ပြိုင်မည့် Delta United F.C ကို Max Cement ကုမ္ပဏီမှ ပြောင်းလဲတာဝန်ယူသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C ကို ဦးတေဇ(ထူးထရေးဒင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုယ်စားပြု ကမ္ဘောဇ F.C ကို ဦးဇော်ဝင်းနိုင်(ကမ္ဘောဇဘဏ်)၊ မကွေးတိုင်း ကိုယ်စားပြု မကွေး F.C ကို ဦးထွန်းမြင့်နိုင် (Asia World)၊ မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C ကို ဒေါက်တာ စိုင်းဆမ်ထွန်း(Alpine)၊ မွန်၊ တနင်္သာရီ၊ ကရင်ကိုယ်စားပြု Southern Myanmar F.Cကို ဦးငွေးမြင့်(ယုဇန)၊ ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက် F.Cကို ဦးအောင်မိုးကျော်(IBTC) တို့က ဆက်လက် တာဝန်ယူကြမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



လစာကျပ် ၁၀သိန်းဖြင့် ဧယျာရွှေမြေ F.C တွင် ကစားမည့် ရာဇာဝင်းသိန်း။
(မြန်မာ့အလင်း)

ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကမ္ဘောဇအသင်း ကွာတားဖိုင်နယ်တက်ရောက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၅

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ၊ ပထမအဆင့်ရှုံး/ထွက် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ Air Bagan အသင်းတို့ နှစ်ကျော့ပေါင်း သရေကျနေလို့ ပယ်နယ်တီကန်ရာမှာ ကမ္ဘောဇအနိုင်ရသွားပြီး ကွာတားဖိုင်နယ်ကို တက်သွားပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇအသင်း - ငါးဂိုး
Air Bagan အသင်း - လေးဂိုး

အောင်ဆန်းကွင်းမှာ ကစားခဲ့တဲ့ ပထမအကျော့ပွဲစဉ်တုန်းက သရေဖြစ်ခဲ့လို့ အခုပွဲဟာ ကွာတားဖိုင်နယ်တက်ဖို့ အရေးပါတဲ့ပွဲဖြစ်ခဲ့ပြီး နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြလို့ ပွဲကောင်းဖြစ်ခဲ့ပါတယ်။ ပထမအကျော့မှာ တစ်ဂိုးစီသရေကျခဲ့သလို ဒုတိယအကျော့မှာလည်း နှစ်ဂိုးစီ သရေထပ်ကျနေလို့ ပယ်နယ်တီနဲ့ဆုံးဖြတ်ခဲ့ရပြီး ကမ္ဘောဇက ၃-၂ နဲ့အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ အခုပွဲမှာ ဦးဆောင်ဂိုးနှစ်ကြိမ်တိုင်ရခဲ့သလို ပွဲပြီးခါနီးမှာ ပင်နယ်တီကန်ခွင့်ရပေမယ့် အေးဆန်းလွဲချော်ခဲ့လို့ မိနစ် ၉၀အတွင်း ကံမကောင်းခဲ့ပေမယ့် ပယ်နယ်တီအဆုံးအဖြတ်ကန်ရာမှာတော့ Air Bagan ကစားသမားတွေရဲ့ ပယ်နယ်တီလွဲချော်မှုတွေကြောင့် ကံကောင်းမှုတွေရပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ဒီနေ့ပွဲ ကမ္ဘောဇအသင်းအနိုင်ရခဲ့ရာမှာ လာရောက်အားပေးကြတဲ့ ကမ္ဘောဇဘဏ်ဝန်ထမ်းတွေရဲ့ တစ်ခဲနက်အားပေးမှုက အရေးပါခဲ့ပြီး ကမ္ဘောဇအသင်းသားတွေ စိတ်ဓာတ်တက်ကာ ပွဲစကတည်းက ကစားကွက်မိမိနဲ့ ကစားနိုင်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ပွဲအစ ခုနစ်မိနစ်မှာ ဗွေဆော်ဦး ဂိုးရသွားပြီး တိုက်စစ်မှူး ကျော်သီဟက ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ Air Bagan ချေပဂိုးရဖို့ တရစပ်ဖိကစားလာခဲ့ပါတယ်။ ကမ္ဘောဇတို့ တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးကစားနေရပြီး ၂၆ မိနစ်မှာ Air Bagan တိုက်စစ်မှူးနိုင်ဦးလွင်၏ ချေပဂိုးသွင်းယူခြင်းကို ခံခဲ့ရပါတယ်။ သရေဖြစ်ပြီးနောက်ပိုင်းမှာ ပွဲမှာအပြန်အလှန်ရှိလာပြီး မိနစ်၄၀မှာတော့ ထောင့်ကန်ဘောကတစ်ဆင့် အောင်ကျော်ဦးက ခေါင်းတိုက်သွင်းယူခဲ့လို့ ပထမပိုင်းအပြီးမှာ ကမ္ဘောဇက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရနေခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ ဂိုးမပေးရဖို့ ခံစစ်အသားပေးကစားခဲ့တာကြောင့် Air Bagan ရဲ့ ဖိကစားခြင်းကို ခံခဲ့ရပါတယ်။ Air Bagan အသင်းဟာ စိုးကျော်သူရဲ့ ညာခြမ်းကနေ အားပြု ထိုးဖောက်ခဲ့ပြီး ထွန်းထွန်းဝင်း၊ အောင်သိုက်တို့ရဲ့ ဂိုးသွင်းခွင့်တွေ လွဲချော်ခဲ့လို့ နစ်နာခဲ့ရပါတယ်။ Air Bagan ရဲ့ ဆင့်ကဲဆင့်ကဲ တိုက်စစ်ဆင်မှုတွေကို ကမ္ဘောဇနောက်တန်း ကြာရှည်တောင့်ခံနိုင်ခြင်းမရှိဘဲ ၇၆မိနစ်မှာ ချေပဂိုးပြန်ပေးခဲ့ရပါတယ်။ Air Bagan ရဲ့ ချေပဂိုးကို ဘယ်တောင်ပံကစားသမား ဇင်မင်းဦးက သွင်းယူခဲ့တာဖြစ်ပါတယ်၊ ၈၆မိနစ်မှာ ကမ္ဘောဇတို့ အနိုင်ရမယ့် အခွင့်အရေးရခဲ့ပြီး အဲဒါကတော့ စိုးမင်းဦးကို Air Bagan နောက်ခံလူ အောင်နိုင်စိုး အဖျက်ကြမ်းလို့ ပယ်နယ်တီရရှိခဲ့တာပါ။ အဲဒီပယ်နယ်တီကို အေးဆန်းကန်သွင်းရာမှာ ဘားထိထွက်ခဲ့ပြီး စိုးမင်းဦးခေါင်းထပ်တိုက်ပေမယ့် အပေါ်ထောင်ထွက်သွားပါတယ်၊ မိနစ်၉၀ပြည့်ပြီးနှစ်ကျော့ပေါင်း သုံးဂိုးစီသရေကျနေလို့ အချိန်ပိုမကစားဘဲ ပယ်နယ်တီနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။

ပယ်နယ်တီ

ပယ်နယ်တီကို Air Bagan က စကန်ရပြီး ကျော်ဇေယျာဝင်းနဲ့ စိုးကျော်သူတို့သာ ဂိုးဝင်ပြီး တင်ဝင်းအောင်နဲ့ ဒေးဗစ်ထန်တို့ရဲ့ကန်ချက် ဘားပေါ်ကျော်သွားခဲ့ကာ ဇင်မင်းဦးရဲ့ ငါးလုံးမြောက်အလုံးကတော့ တိုင်ထိထွက်သွားခဲ့ပါတယ်။ ကမ္ဘောဇအသင်းကတော့ စိုးမင်းဦး တစ်ဦးတည်းပဲ ဂိုးမဝင်ဘဲ ဟန်ဝင်းအောင်၊ အောင်ကျော်ဦးနဲ့ နေဇော်ထက်တို့ ဂိုးဝင်ခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇဟာ ကွာတားမှာ ပို့ဆောင်ရေးနဲ့ ကစားရမှာပါ။

အောင်ဆန်းကွင်း

ဆောက်လုပ်ရေး - ဂိုးမရှိ
စွမ်းအင် - ဂိုးမရှိ

အခုပွဲဟာ သရေကျခဲ့တာကြောင့် ပထမအကျော့မှာ ၂-၁ နဲ့အနိုင်ရထားတဲ့ စွမ်းအင်တို့နောက်တစ်ဆင့် တက်သွားခဲ့ပါတယ်။ စွမ်းအင်ဟာ ကွာတားမှာ သစ်တောနဲ့ ကစားရမှာ ဖြစ်ပါတယ်။

ယနေ့ပွဲ

ကွာတားဖိုင်နယ်

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - ပြည်ထဲရေး

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - လယ်ယာ/ဆည်မြောင်း။

(မြန်မာ့အလင်း)

Air Bagan မှ ကျော်ဇေယျာဝင်း၏ ထိုးဖောက်မှုကို ကမ္ဘောဇနောက်ခံလူ အေးဆန်း ဖျက်ထုတ်နေစဉ်။
(မြန်မာ့အလင်း)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

မြစ်ရေနည်းမည့် သတိပေးချက် ထုတ်ပြန်

နေပြည်တော် မတ် ၁၅

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၀၀ အောက်သို့ ရောက်ရှိနေပြီး လာမည့် မတ်လကုန်အထိ ရေနည်း သတိပေးမှတ်အောက်တွင် ဆက်လက် တည်ရှိနိုင်သည်။

ဧရာဝတီမြစ်

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယနေ့ တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၀၂၀အောက်သို့ ရောက်ရှိနေပြီး လာမည့် မတ်လကုန်အထိ ရေနည်းသတိပေးမှတ် အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)သို့ ဒေါ်လှငြိမ်းနှင့် မောင်နှမများ (ဒေါ်လှငြိမ်းပွဲရုံ၊ ဘုရင့်နောင်)က ငွေကျပ်ခြောက်သိန်း လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးလှသောင်းနှင့်အဖွဲ့ လက်ခံယူစဉ်။ (သတင်းစဉ်)

ရံဖန်ရံခါ လေပြင်းများတိုက်ခတ်မည့် သတိပေးချက်

နေပြည်တော် မတ် ၁၅

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်၌ နေ့အပူချိန်များ သိသိသာသာ တိုးလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ရာမှ ရံဖန်ရံခါ လေပြင်းများ ခေတ္တမျှတိုက်ခတ်နိုင်သည်။ လေပြင်းများ တိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

လေအေးပေးစက် Model သစ်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် မတ် ၁၅

OK Myanmar Co.,Ltd. ၏ Sanyo နှင့် Daewoo Aircon Model သစ်များ မိတ်ဆက်ရှင်းလင်းပြသခြင်းနှင့် အရောင်းကိုယ်စားလှယ်တော်ကြီးများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ Sedona Hotel (Ballroom) ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် OK Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ကုမ္ပဏီမှ တင်သွင်းရောင်းချသည့် ပစ္စည်းများ အရည်အသွေးနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအာမခံချက်များကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ကုမ္ပဏီ Senior General Manager ဒေါ်သန့်သန့်ဇင်က အရောင်းကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အရောင်းကိုယ်စားလှယ်များအား မန်နေဂျင်းဒါရိုက်တာနှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကုမ္ပဏီမှ ပြသထားသည့် Sanyo နှင့် Daewoo အမှတ်တံဆိပ် Aircon Model အသစ်များကို တက်ရောက်လာကြသည့် အရောင်းကိုယ်စားလှယ်များက ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးအောင်က အသေးစိတ်ရှင်းလင်း ပြသသည်။

ယခုပြသထားသည့် Sanyo Aircon Model သစ်များမှာ အရည်အသွေးမြင့် Compressor ကို အသုံးပြုထားပြီး နည်းပညာ အားသာချက်အရ မီးစားသက်သာ၍ လျှပ်စစ်အား 170 Volt ရှိလျှင်ပင် ကောင်းစွာအလုပ်လုပ်ကြောင်း၊ အထူးသဖြင့် မီးစက်ဂျင်နရေတာများနှင့် သုံးရန် အထူးသင့်လျော်ကြောင်း၊ 3 KVA အိမ်သုံးမီးစက်ဖြင့် တစ်ကောင်း Aircon ကို တွဲဖက်အသုံးပြုနိုင်ပါကြောင်း၊ မီးစက်နှင့် တွဲသုံးသည့်အတွက် ပျက်စီးချွတ်ယွင်းမှုများ မရှိသည့်အပြင် အအေးနှုန်းလည်း လျော့ကျခြင်းမရှိကြောင်း၊ မီးစက်ကြောင့် ချွတ်ယွင်းပျက်စီးမှုများကို ကုမ္ပဏီက တာဝန်ယူ အာမခံပေးကြောင်း၊ ကုမ္ပဏီက တရားဝင်တင်သွင်းသည့် Sanyo Aircon အစစ်အမှန်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် Model No များ သိရှိထားရန် လိုအပ်ကြောင်း၊ ကုမ္ပဏီမှ တင်သွင်းသည့် Sanyo Aircon Model No များမှာ တစ်ကောင်အား SYO/ SAP-K-97-GAX တစ်ကောင်ခွဲအား SYO/ SAP-K-127 GAX နှင့် နှစ်ကောင်အားမှာ SYO/SAP-K-186-ST တို့ ဖြစ်ကြောင်း၊ ကုမ္ပဏီမှ တရားဝင် တင်သွင်းရောင်းချသည့် ပစ္စည်းများကို အာမခံချက်ဖြင့် ခိုင်ခိုင်မာမာ ရောင်းချပြီး အာမခံကတ်များ ပါရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာက ဝယ်ယူသည်ဖြစ်စေ အာမခံချက်များ တစ်ပြေးညီ ရရှိခံစားနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

ဆက်သွယ်မေးမြန်းနိုင်

OK Myanmar Co., Ltd. သည် Aircon သုံးစွဲလိုသူများ သက်သာသည့် ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် Sanyo နှင့် Daewoo အမှတ်တံဆိပ် Aircon များကို ယခု နွေရာသီကာလအတွင်း အထူးသက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးမည် ဖြစ်သည်။ ဈေးနှုန်းသက်သာစေရေးကိုသာ အဓိက ဦးတည်ရောင်းချရန် စီစဉ်ထားပြီး နေရာဒေသမရွေး လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူနိုင်သည်။ အသေးစိတ်သိရှိလိုပါက ကုမ္ပဏီရုံးချုပ်နှင့် Daewoo အရောင်းပြခန်း ဖုန်း-၀၁-၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ပန်းဆိုးတန်း HQ Electronic ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ နေပြည်တော် Daewoo အရောင်းပြခန်း ဖုန်း-၀၆၇-၄၂၀၈၁၃ နှင့် မန္တလေး Daewoo အရောင်းပြခန်း ဖုန်း- ၀၂-၃၁၅၈၂ နှင့် ရန်ကုန် Service Center ဖုန်း-၀၁-၂၉၉၄၀၁၊ ၂၉၈၄၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၂၇ရက်က မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသူ မောင်ဟိန်းထူးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်မေက ဆုချီးမြှင့်စဉ်။

(ပညာရေး)

OK Myanmar Co., Ltd. ၏ Sanyo နှင့် Daewoo Aircon Model အသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

သံဂဟေဆက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းနှင့် ပန်တျာလမ်းထောင့်ရှိ သံဂဟေဆက်လုပ်ငန်းများသည် နေ့ညမပြတ် ဆူညံစွာ လုပ်ကိုင်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောင့်အယှက် ဖြစ်ရပါသောကြောင့် အဆိုပါ သံဂဟေဆက်လုပ်ငန်းများကို အခြား သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

စားသောက်ဆိုင်က ဂီတသံ ညဉ့်နက်သည့်တိုင် ဆူဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၄၅ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှ စင်တင်တေးဂီတသံများသည် ညစဉ် ညဉ့်နက်သန်းခေါင်တိုင် နားမခံသာအောင် ဆူညံနေသောကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူများ

စည်းကမ်းမဲ့ ဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် သုခမြတ်လမ်းထိပ်တွင် စည်းကမ်းမဲ့ဈေးသည်များ စွန့်ပစ်ထားသော အမှိုက်ပုံကြီးမှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် စည်းကမ်းမဲ့ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(၆) ရပ်ကွက်သား

ဈေးအတွင်း စည်းကမ်းတကျ ရောင်းချပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၀)ရပ်ကွက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စားသုံးသူများအတွက် အမှတ်(၄)ဈေးကြီးကို တည်ဆောက်ဖွင့်လှစ်ရောင်းချစေခဲ့သော်လည်း ဈေးသည်များမှာ ဈေးပြင်ပရှိ ယာဉ်သွားလမ်းများပေါ်တွင်သာ ရောင်းချနေပါ၍ ဈေးအတွင်း စည်းကမ်းတကျ ရောင်းချနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

ပုဂ္ဂလိကမီးပေးစက် ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်အုပ်စု နန်းဦးလွင်ရပ်ကွက် ဘောလုံးကွင်းမြောက်ဘက် လူနေအိမ်များကြားတွင် မြေကွက်ဝယ်ယူ၍ လူနေထိုင်ရန်မဟုတ်ဘဲ ပုဂ္ဂလိက လျှပ်စစ်မီးပေးစက် ထားရှိပါသည်။

အဆိုပါ မီးပေးစက်သည် ညစဉ်ညတိုင်း စဉ်ဆက်မပြတ်မောင်းနေသဖြင့် စက်သံဆူညံပြီး မီးခိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောင့်အယှက်ဖြစ်နေပါ၍ ယင်းလျှပ်စစ်မီးပေးစက်ကို အခြားသင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

မီးစက်သံဝေးလိုသူ

ကားဘော်ဒီရုံ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၇) အနောက်ရပ်ကွက် မြခွာညို(ဝါဝါဝင်း) အဆင့်မြင့်အိမ်ရာဝင်းအတွင်းရှိ အိမ်တစ်အိမ်၏ ကားဘော်ဒီအလုပ်ရုံမှ ဘော်ဒီထုသံများ၊ ဆေးမှုတ်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေထိုင်သူများ

လမ်းပိတ်ဆို့သဖြင့် ယာဉ်များသွားလာမှုအခက်ကြုံ

စာတည်းခင်ဗျား-

ရွှေပြည်သာမြို့နယ် လှော်ကားဘူတာရုံအနီး နီလာဈေးရှိ သံလမ်းမှတ်တိုင်နှင့် လမ်းမပေါ်၌ ဈေးသည်များ လမ်းပိတ်ဆို့ဈေးရောင်းခြင်း၊ အငှားယာဉ်ဆိုက်ကားများပိတ်ဆို့နေခြင်း၊ လိုင်းကားများ အရှိန်ပြင်းစွာ မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိနေသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

လိုင်စင်မဲ့ဆိုက်ကားများ စိစစ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုက်ကားများ တစ်နေ့တခြား များပြားလျက်ရှိရာ နှစ်စဉ် အခွန်သက်တမ်းတိုး၍ ပြေးဆွဲနေကြသူများမှာ ထိခိုက်နစ်နာရပါသည်။ သို့ဖြစ်ပါ၍လိုင်စင်မဲ့ဆိုက်ကားများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အငှားယာဉ်လုပ်သားတစ်ဦး

ကျူးကျော်ဆိုင်များ ရှင်းလင်းဆောင်ရွက်ပြီးစီး

၁၆-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်ကျွန်းမြို့ မြို့မဈေးကြီးအရှေ့လမ်းမကြီးပေါ်ရှိ ဆိုင်ခန်းများ ကျူးကျော်ချထားမှုကို ရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဆောင်းဘောက်သံ အနှောင့်အယှက်ဖြစ်မှု ဆောင်ရွက်ပြီးစီး

၁၆-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်တွင် ဆောင်းဘောက်သံကြောင့် အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့် ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တွံတေးမြို့နယ် ဖောင်းတော်ချပ်လမ်း ဂဝံခင်းပြုပြင်

တွံတေး မတ် ၁၅

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖောင်းတော်ချပ်လမ်း ဂဝံလမ်းပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မတ် ၄ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြလင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် မတ် ၁၅

ယနေ့ညနေ ၃နာရီခွဲတွင် ဖြိုဟ်တုမိုးလေဝသ တိုင်းထွာချက်များအရ ယနေ့ညနေမှနောက် ၄၈နာရီအတွင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဒီပွဲရလဒ်ကတော့ အံ့အားသင့်စရာပါပဲ လီဗာပူးဟာ အကောင်းဆုံးခြေစွမ်းရနေပါပြီ

ဖာဂူဆန်

ဘင်နီတက်ဇ်

ရေးသူ -မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု -ဝင်းနိုင် (မြန်မာ့အလင်း)

လန်ဒန် မတ် ၁၅

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကို မတ် ၁၄ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူတို့ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဒီပွဲကြောင့် မန်ယူနဲ့ လီဗာပူးတို့ဟာ တစ်ပွဲလျော့ လေးမှတ်ကွာ အနေအထားနဲ့ တန်းစီဇယားမှာ မန်ယူတို့ ထိပ်ဆုံးက ရပ်တည်နေဆဲပါပဲ။

"ကျွန်တော့်လူတွေ အားနည်းချက်ရှိခဲ့ပါတယ်" ဖာဂူဆန်

ဒီပွဲအပြီးမှာ မန်ယူနည်းပြဖာဂူဆန်က "ဒီပွဲရလဒ်က အံ့အားသင့်စရာပါ၊ မမျှော်လင့်ထားခဲ့ဘူး၊ ဒီလောက်အထိ ဂိုးပြတ်သွားတာကတော့ ကျွန်တော်တို့ရဲ့အားနည်း

"ဒီထက် ဂိုးတွေ ရသင့်ပါတယ်" အာစင်ဝင်းဂါး

ချက်ကြောင့်လို့ ပြောရမှာပါပဲ။ လီဗာပူးဟာ အသင်းကောင်းဖြစ်ပါတယ်။ သူတို့ ဒီပွဲမှာ ကစားသွားတာ ကောင်းတယ်။ ပယ်နယ်တီ အရင်အပေးခံရပေမယ့် ကစားကွက် ယိုင်မသွားဘူး၊ ကျွန်တော့်လူတွေ အမှားအယွင်းတွေ လုပ်ခဲ့တာရှိတယ်။ ဒီနှစ်အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ပျက်သွားပေမယ့် ဒီပွဲမှာ သင်ခန်းစာအများကြီး ရလိုက်တာအမြတ်ပါပဲ။ ကျွန်တော်တို့ သတိမထားမိတဲ့ အားနည်းချက်တွေ ပြင်ဆင်ဖို့ သိလိုက်ရတယ်။ ပရီမီယာလိဂ် ဖလားအတွက် ဒီလိုအမှားမျိုးတွေ မဖြစ်အောင် ဂရုစိုက်ရတော့မယ်" လို့ ပြောကြားခဲ့ပါတယ်။

အောင်ပွဲ

လီဗာပူးအသင်းဟာ အခုပွဲမှာ မန်ယူကို အနိုင်ရခဲ့တာဟာ တကယ့်မှတ်တမ်းတင် အောင်ပွဲပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ၁၉၃၆ခုနှစ်ကတည်းက အိုးထရက်ဖို့ဒ်မှာ အခုလို ဂိုးအရေအတွက်နဲ့ အနိုင်ရခဲ့တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဒီပွဲမှာ မန်ယူကိုအနိုင်ရခဲ့တဲ့ လီဗာပူးအသင်းနည်းပြဘင်နီတက်ဇ်က "ကျွန်တော့်လူတွေ အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့ပါတယ်။ သူတို့တွေကို ချီးကျူးရမှာပါပဲ။ အမှန်အတိုင်း ဝန်ခံရရင် ဒီလိုရလဒ်မျိုးနဲ့ အနိုင်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမယ့် စိတ်ထဲမှာတော့ နိုင်ပွဲရလိမ့်မယ်လို့ မကစားခင်ကတည်းက ဖြစ်ပေါ်နေခဲ့တယ်။ မန်ယူအသင်းရဲ့ စုစည်းမှုအားက ကောင်းတယ်။ ဒါပေမယ့် မန်ယူကစားသမားတွေ စိုးရိမ်စိတ်ကြီးနေလို့ အမှားတချို့ ပြုလုပ်ခဲ့တာကို ကျွန်တော့်လူတွေ အခွင့်အရေး ရအောင် ယူနိုင်ခဲ့ကြလို့ အခုလိုနိုင်ပွဲရခဲ့တာလို့ ပြောရင်လည်းရပါတယ်။ လီဗာပူးဟာ အခုဆိုရင် အကောင်းဆုံး ခြေစွမ်းကို ပြန်ရနေပါပြီ" လို့ ပြောကြားခဲ့ပါတယ်။

အကောင်းဆုံး

မန်ယူနဲ့ လီဗာပူးပွဲမှာ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားအဖြစ် လီဗာပူး တိုက်စစ်မှူး တောရက်စ်က ရရှိခဲ့ပါတယ်။

ကြိုးစားမယ်

ဒီလိုပါပဲ ဘလက်ဘန်းအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ အာဆင်နယ်အသင်းရဲ့နည်းပြ အာစင်ဝင်းဂါးကလည်း "ဒီပွဲမှာ အာရှာဗင် ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂိုးသွင်းခွင့် အခွင့်အရေးအချို့ လက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ကျွန်တော့် တိုက်စစ်မှူးတွေ အဆုံးသတ်ကောင်းရင် ဒီထက်ဂိုးတွေ များများရနိုင်ပါတယ်။

"ဒီပွဲမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့တယ်" ဘင်နီတက်ဇ်

အာဆင်နယ်အသင်းဟာ နောက်ပွဲစဉ်တွေ အားလုံးကို နိုင်ပွဲရအောင်ကစားသွားမှ ရမယ့်အနေအထားမို့ ပွဲတိုင်းအနိုင်ရရေး ကြိုးစားသွားရမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

ချီးမြှင့်ခံရ

အာဆင်နယ်နဲ့ ဘလက်ဘန်းပွဲမှာ ပွဲစဉ် အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို အာရှာဗင်ကရရှိခဲ့ပါတယ်။ ပရီမီယာလိဂ်မှာတော့ အာရှာဗင်အနေနဲ့ ပထမဆုံးချီးမြှင့်ခံရမှုပါပဲ။ အာဆင်နယ်ကိုရှုံးခဲ့တဲ့ ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်က "အာဆင်နယ်တို့ နိုင်ပွဲရထိုက်တဲ့ပွဲပါ။ သူတို့တွေရဲ့ကြိုးစားအားထုတ်မှုကောင်းပါတယ်။ ကျွန်တော့်အသင်းမှာတော့ လူအပြောင်းအလဲလုပ်ရဦးမယ်" လို့ ပြောကြားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ကယ်လီဖိုးနီးယား တင်းနစ်ပြိုင်ပွဲ အန်ဒီမာရေး နိုင်ပွဲဖြင့်စတင်

လန်ဒန် မတ် ၁၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ် ဒေသတွင် ကျင်းပလျက်ရှိသည့် တင်းနစ်ပြိုင်ပွဲ၌ ကျန်းမာရေးကြောင့် သီတင်းနှစ်ပတ် အနားယူခဲ့ရသူ အန်ဒီမာရေးသည် နှစ်



ယောက်တွဲ ပြိုင်ပွဲတွင် မတ် ၁၃ရက်က နိုင်ပွဲရယူလိုက်ခြင်းဖြင့် တင်းနစ်ပြိုင်ပွဲသို့ အောင်မြင်မှုဖြင့် စတင်ဝင်ရောက်လာသည်။

အနိုင်ရ

ဗြိတိသျှအဆင့် (၁)တင်းနစ် အကျော်အမော် မာရေးနှင့် တစ်နိုင်ငံတည်းသား ရော့စ်ဟတ်ချိန်းတို့ နှစ်ယောက်တွဲသည် တိုမက်စ်ဘာဒိုက်ချ်နှင့် နီကိုလပ်စ်ကီဖာတို့ စုံတွဲအား ၆-၄၊ ၀-၆၊ ၁၀-၇ဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ဂျရတ်သည် ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ် ဂန္ထဝင်ဘောလုံးသမား ဇီဒန်းဖွင့်ဟ

လန်ဒန် မတ် ၁၅

လီဗာပူးကစားသမား စတီဗင်ဂျရတ်သည် ကမ္ဘာပေါ်တွင်အကောင်းဆုံးကစားသမားဖြစ်သည်ဟု ယုံကြည်ကြောင်း ကမ္ဘာကျော်ဘောလုံးသမား ဇီဒန်းက ထုတ်ဖော်ချီးကျူးခဲ့သည်။

၎င်း၏ အသင်းဟောင်းရီးရဲလ်မက်ဒရစ်ကို လီဗာပူးအသင်းက ရီးရဲလ်ကွင်း၌ တစ်ဂိုး- ဂိုးမရှိ၊အန်ဖီးလ်၌ လေးဂိုး-ဂိုးမရှိဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ပြီး ဂျရတ်သည် အကောင်းဆုံးဘောလုံးသမားအဖြစ် ခြေစွမ်းပြခဲ့သည်ဟု ဇီဒန်းက ဆိုလိုက်သည်။ (အင်တာနက်)

ပြင်သစ်တင်းနစ်မယ် မော်ရက်စ်မို တင်းနစ်အဖွင့်ပွဲစဉ်၌ အနိုင်ရရှိ

လန်ဒန် မတ် ၁၅

ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်း အေမီလီမော်ရက်စ်မို **(အောက်ပုံ)**သည် ကယ်လီဖိုးနီးယား တင်းနစ်ပြိုင်ပွဲတွင် ပထမပိုင်းအဖွင့်ပွဲစဉ်၌ အနားယူပြီးချိန်တွင် နောက်ဆုံးအဆင့်၌ လက်ရည်ပြန်ကောင်း

လာကာ ဂျာမနီတင်းနစ်မယ် အန်ရာလီနာဂရိနီဖဲလ်အား အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့် (၁၇)ရှိ ပြင်သစ်တင်းနစ်မယ်မော်ရက်စ်မိုသည်ပထမအဆင့်ပတ်လည် ပြိုင်ပွဲတွင် ပြိုင်ဘက်အား ၅-၇၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ပြင်သစ်နှင့်လိုင်ယွန် တိုက်စစ်မှူး ဘင်ဇီမာ လာမည့်ရာသီ၌ လိုင်ယွန်၌သာ ဆက်လက်ကစားမည်

လိုင်ယွန် မတ် ၁၅

လိုင်ယွန်အသင်း တိုက်စစ်မှူး ကာရင်မ်ဘင်ဇီမာက ၎င်း၏အနာဂတ်နှင့် ပတ်သက်ပြီး လပေါင်းများစွာ ထင်ကြေးပေးနေကြမှုများကို အဆုံးသတ်သည့်အနေဖြင့် လာမည့်ဘောလုံးရာသီတွင် လိုင်ယွန်၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်ချ

ပြီးခဲ့သည့်နှစ်အတွင်းက ဥရောပ ထိပ်သီးကလပ် အများအပြားက ခေါ်ယူရန် ဆက်သွယ်ခြင်းခံရသူ ပြင်သစ်လက်ရွေးစင် ဘင်ဇီမာသည် ချန်ပီယံလိဂ်ရှုံးထွက် ပြိုင်ပွဲ၌ ဘာစီလိုနာအား ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် လိုင်ယွန်အသင်းတွင် ဆက်ကစားရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဒဏ်ရာမှ သက်သာလာသော ရှာရာပိုဗာ ဘီအင်န်ပီ အိုးပင်းပွဲတွင် ပါဝင်ဆင်နွှဲ

လန်ဒန် မတ် ၁၅

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်ဒေသ၌ ကျင်းပသော ဘီအင်န်ပီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာမှ သက်သာလာသော ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ဟောင်း ရှာရာပိုဗာသည် ခုနစ်လတာကာလအတွင်း ၎င်း၏ ပထမဦးဆုံးပွဲစဉ်အဖြစ် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။

အသက် ၂၁နှစ်ရှိ ရှာရာပိုဗာသည် ရုရှားကစားဖော် အီလီနာဗက်စ်နီနာနှင့် တွဲကာ နှစ်ယောက်တွဲပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ရှာရာပိုဗာတို့စုံတွဲသည် ပြိုင်ဘက် အီကာတာရီနာမာကာရိုဗာနှင့် တာတီယာနာပေါက်ချက်ခ်တို့ စုံတွဲအား ၆-၂၊ ၄-၆၊ ၁၀-၇ဖြင့် ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း
ဒေါ်အေးအေးမော် ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ထွက်ခွာမည့်ခရီးစဉ်များ
၂၇-၃-၂၀၀၉ရက် ➢ ၁၂ရက်ခရီး ကျပ် ၉ သိန်း
➢ ၁၈ရက်ခရီး ကျပ် ၁၀ သိန်း ၅ သောင်း၊ (India Air Line)
၆-၄-၂၀၀၉ရက် ➢ ၂၂ရက်ခရီး ၁၁ သိန်း (India Air Line)
သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန
ကိုလ်ကတ္တား + နယူးဒေလီနေရာစုံ စရိုက်ငြိမ်း
၁၁-၄-၂၀၀၉ရက် ➢ ၁၅ရက်ခရီး ကျပ် ၁၀ သိန်း (ဗုဒ္ဓဂယာတိုက်ရိုက်)
သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ
နေရာစုံ စရိုက်ငြိမ်း
အတာသင်္ကြန်နှစ်သစ်ကူး အထူးအစီအစဉ်
၆-၄-၂၀၀၉ရက်နှင့် ၁၁-၄-၂၀၀၉ရက် ခရီးစဉ်တွင်လိုက်ပါမည့် ဘုရားဖူးခရီးသည်များအား မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ရဟန်းခံ၊ ရှင်ပြု၊ သိက္ခာထပ်၊ သီလရှင်ဝတ်လိုသူများအား နီလာမှ နိဗ္ဗာန်ကိုရည်မှန်း၍ ဒါနကုသိုလ်ယူကာ ဆောင်ရွက်ပေးပါမည်ဖြစ်၍ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။
ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ၅-လပိုင်း အထူးအစီအစဉ်၊ အထူးဈေးနှုန်း
ခုနစ်ညအိပ်၊ ရှစ်ရက် (စရိုက်ငြိမ်းခရီးစဉ်) ကျပ် ၇သိန်း ၄သောင်း (India Air Line)
နီလာဘုရားဖူးအဖွဲ့က ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဂယာ မြေမြတ်မဟာဗောဓိစေတီတွင် ဃနာနို့ဆွမ်း ကပ်လှူဒါန်းခြင်း၊ ပန်း၊ဆီမီး၊ရေချမ်း၊ သစ်သီးပွဲများနှင့် ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဘုရားဖူးလိုက်ပါလိုသော ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ ကြိုတင်စာရင်းပေးသွင်းကြပါရန် ဖိတ်မန္တကပြုအပ်ပါသည်။
မှတ်ချက်-ယခင် လိုက်ပါခဲ့ဖူးသော ဓမ္မမိတ်ဆွေများအား မေတ္တာတုံ့ပြန်သော အားဖြင့် ရှစ်ရက်ခရီးစဉ်တွင် ပြန်လည်လိုက်ပါက တစ်ဦးလျှင် ကျပ်၂၀၀၀၀တိတိ လျှော့ပေးမည်ဖြစ်ပါသည်။ အမှတ် ၃၁၅၊ မြေညီ၊ ရွှေဘုံသာ(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၀၉-၈၉-၇၃၃၉၅။

O D Travels & Tours Co., Ltd Since 1997

ဘယ်မှာသုံးသုံး အကောင်းဆုံး
T.Shirt = 600 kyats
Colour T.Shirt 1200
Colour Polo.Shirt 1600
Uniform 8000

YANGON EXPO'2009
(၂၀.၃.၀၉) မှ (၂၃.၃.၀၉)

FOREVER

GOLDEN STAR

ကားရောင်းမည်
Toyota Publica
(2) door Saloon
စုံစမ်းရန် ဖုန်း-၅၇၀၀၉၉၊ ၅၇၃၆၅၅၊ Ext ; 300 ။

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

စတန်းဖို့ဒ်ဘရစ်ဂျ်၌ ချယ်လ်ဆီးတို့ နိုင်ပွဲရ

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

လန်ဒန် မတ် ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၂၉)လက်ကျန်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့်မန်စီးတီးတို့ မတ်၁၅ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးတို့ကအက်ဆီယံသွင်းဂိုး တစ်ဂိုးတည်းဖြင့် နိုင်ပွဲရရှိခဲ့သဖြင့် တန်းစီဇယား ထိပ်ပိုင်းနေရာများအပြောင်းအလဲမရှိ နေမြဲအတိုင်း ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။

ခြေရည်တူ

အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ဂျ်၌ကစားရသဖြင့် ချယ်လ်ဆီးတို့ ချေစွမ်းပြနိုင်ခဲ့သော်လည်း အပိုင်ကန်သွင်းခွင့်အခွင့်အရေး နှစ်ကြိမ်သာရရှိခဲ့သည်။ ချယ်လ်ဆီးတိုက်စစ်တွင် ဒရော့ဘာနှင့် အနယ်လ်ကာတို့ ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ပွဲအစ၁၇မိနစ်၌ပင် လမ်းပတ် ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို အက်ဆီယံကညာခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ကန်သွင်းခွင့်

ကာစီဒိုတစ်ဦးတည်းကို ရှေ့တန်းတင်ခဲ့ပြီး ရော်ဘင်ဟိုနှင့် ရိုက်ဖီးလစ်တို့ဖြင့် ဝိုင်းရံခဲ့သော်လည်း မန်စီးတီးတို့ အပိုင်ကန်သွင်းခွင့်မရရှိခဲ့ချေ။မန်စီးတီးတို့ ခြေရည်တူကစားနိုင်ခဲ့သော်လည်း ချယ်လ်ဆီးနောက်ခံလူများကိုထိရောက်စွာ မကျော်လွှားနိုင်ခဲ့သဖြင့် ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်

ဗီလာ ၁ - ၂ စပါး

ချယ်လ်ဆီးနှင့် မန်စီးတီးတို့ပွဲတွင် အနယ်လ်ကာ(ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း စည်ပင်သာယာလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်ယနေ့နံနက်ဇနာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်မှမေတ္တာလမ်းနှင့်ဥဇ္ဇနာလမ်းပေါင်းကူးလမ်းရှိ ရိုးချောင်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားနှင့်လူအားတို့ဖြင့် တိုးချဲ့ ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် မြို့တော်ဝန်သည် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဘုမ္မာ(၅)လမ်း ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ရန် ကျောက်စီထားမှုနှင့်မေဓာဝီလမ်း အဆင့်မြှင့်ကောင်းမွန်ရေးအတွက်ဆောင်ရွက်မည့်အခြေအနေ၊ (၄)ရပ်ကွက်မှ ဣန္ဒာဓမ္မာရုံလမ်းသွယ်(၁၂)လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေ၊ အမှတ်(၂)ရပ်ကွက် ယုဇနလမ်းရှိ ဖြိုးစေတနာ အခမဲ့ဆေးကုခန်း တိုးချဲ့ဆောက်လုပ်မည့် အခြေအနေနှင့် ယုဇနလမ်းသွယ်(၄)လမ်း၊ (၃)လမ်းနှင့် သုမာလာလမ်းသွယ်(၈)လမ်းတို့အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ ရပ်မိရပ်ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးရီးအေ ပွဲစဉ်(၂၈)
အနိုင်-အရှုံး

အတ္တလန်တာ	၂ - ၀	တိုရီနို
လာဇီယို	၀ - ၃	ချီယေးဗို
ပါလာမို	၅ - ၂	လက်ချီ
ရက်ဂျီးနာ	၁ - ၁	နာပိုလီ
ဆမ်ဒိုးရီးရား	၂ - ၂	ရိုးမား
ဆီနာ	၁ - ၅	အေစီမီလန်
အူဒီနီးစ်	၁ - ၁	ကာတာနီးရား

(အင်တာနက်)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက် ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စားမောင်းနှင်ခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မင်းလှမြို့နယ်၌ ရတနာပုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မင်းလှ မတ် ၄

သာယာဝတီခရိုင် မင်းလှမြို့နယ် လက်ဆက်ကျေးရွာအုပ်စု စိန်ကန့်လန့်(မြောက်ပိုင်း) ရတနာပုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁ရက်က စိန်ကန့်လန့်(မြောက်ပိုင်း)ကျေးရွာရှိ အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်နွယ်နီဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်တို့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့မှ စာရေးဆရာများ လှူဒါန်းသော စာအုပ်စာစောင် ၃၇၄အုပ်ကို စာရေးဆရာ ဦးဟိန်းမင်းထက်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အတွင်းရေးမှူး ဒေါ်နွယ်နီဦး၊ မြို့နယ်ဦးစီးမှူးဦးဝင်းတင်နှင့် စာကြည့်တိုက်အလှူရှင် ဦးမောင်မောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ယင်းစာကြည့်တိုက် အဆောက်အအုံကို စိန်ကန့်လန့်ကျေးရွာနေ ဦးမောင်မောင်ဆွေ-ဒေါ်မြင့်မြင့်ဌေးတို့က ငွေကျပ်သိန်း ၆၀ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရောင်ခြည်ဖြိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီက ညောင်သုံးပင်အုပ်စု သပြေစမ်းကျေးရွာ၌ ဖွင့်လှစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်လတ်မြို့နယ်၌ ကျေးရွာအုပ်စု ရွာချင်းဆက်လမ်းသစ်ဖွင့်

ကျိုက်လတ် မတ် ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စု ရွာချင်းဆက်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် နံနက်၁၁နာရီက ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စုတွင်းရှိ ကံစုကျေးရွာနှင့် သိုင်းချောင်းကျေးရွာဆုံရာ မုခ်ဦးနေရာ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လမ်းဖောက်ရခြင်း ရည်ရွယ်ချက်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာသာလှရွှေနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခချုပ် ဒေါက်တာသာလှရွှေ၊ ဖျာပုံခရိုင်လေဘေးပြန်လည်ထူထောင်ရေးကွပ်ကဲရေး တာဝန်ခံညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦးနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်

အဆိုပါရွာချင်းဆက်လမ်းသည် ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စုအတွင်းရှိ ကံစုရွာနှင့်သိုင်းချောင်းရွာတို့ကို ဆက်သွယ်ထားသည့်လမ်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်

တာချီလိတ် မတ် ၁၂

တာချီလိတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်က အမှာစကား ပြောကြားသည်။

ထောက်ပံ့

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းရွှေတို့က ဝန်ထမ်းများအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ) (ဝ၁၆)**

ဖေဖော်ဝါရီ ၁၂ ရက်က ထီးချိုင့်မြို့ စည်ပင်သာယာရေးအဖွဲ့ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးနီနီနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများ မြို့မဈေးအတွင်း သွယ်တန်းထားသော လျှပ်စစ်ကြိုးလိုင်းများ စစ်ဆေးပြင်ဆင်ခြင်းဆောင်ရွက်ရာ မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်အေး၊ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အောင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကြည်နှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျိုက်ထိုမြို့နယ်၌ကျင်းပ

ကျိုက်ထို မတ် ၃

ကျိုက်ထိုမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)တို့ ပူးပေါင်းဆောင်ရွက်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သုံးရက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြပြီး အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လေယာဉ်ကွင်းဈေးတွင် ဈေးစည်းကမ်းနှင့်အညီ ဈေးရောင်းချနေမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၆ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်း၌ သိုး၊ ဆိတ်မွေးမြူရေး တိုးတက်မှုအတွက် ချေးငွေထုတ်ချေး

စစ်ကိုင်း မတ် ၂

စစ်ကိုင်းမြို့နယ် သိုး၊ ဆိတ်မွေးမြူရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်ဝင်းဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်း သိုး၊ ဆိတ် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေကျပ်၅၅၇ သိန်းကို သိုး၊ ဆိတ်မွေးမြူသူ ၁၃၅ ဦးတို့၏ လက်ဝယ်အရောက် ဖေဖော်ဝါရီ ၃ ရက်ကစပြီး ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဝက်လက်မြို့၌ ပတ္တမြားရောင်စာကြည့်တိုက်ဖွင့်

ဝက်လက် မတ် ၄

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ပတ္တမြားရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ် ဆရာဝန်ကြီးနှင့် အလှူရှင်ကိုးဦးတို့က သုတ ရသ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်ပေါင်း အုပ်၇၅၀၊ မန္တလေးမြို့နေ ဒေါ်အေးအေးမြင့်နှင့် မောင်နှမများက အလှူငွေကျပ် တစ်သိန်း၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာရွှေပြည်က ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးဦးဌေးရှိန်တို့က လက်ခံယူပြီး မြို့နယ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရေနံမြေ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပင်လည်ဘူး ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လစဉ် စာအုပ်စာစောင်တိုးပွားရေး ဆွေးနွေး

ပင်လည်ဘူး မတ် ၁၂

ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၉-၂၀၁၀ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက် စံ(၅)ချက်ပြည့်စုံရေးလုပ်ငန်းများ၊ ကျေးရွာတိုင်း သတင်းစာရောက်ရှိရေး၊ မြို့နယ်ရုံး စာကြည့်တိုက်တွင် လစဉ်စာအုပ်စာစောင်တိုးပွားရေး၊ စာငှားသူ၊ စာဖတ်သူတိုးပွားရေးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်အေးမြမွန်က ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

➢ သတင်းခရီးသည် - မြင့်မောင်စိုး
➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

သိပ္ပံနည်းကျ ငှက်သိုက်ရှာဖွေရေးလုပ်ငန်း တနင်္သာရီတိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြ

ငှက်အန်ဖတ်သိုက် (အဖြူနှင့် အမည်း) နှစ်မျိုးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၅

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု သတင်းဆောင်းပါးများ ရေးသားဖော်ပြနိုင်ရန် ၂၀၀၈ခုနှစ် နှစ်ကုန်ပိုင်းက မြိတ်မြို့သို့ ရောက်ရှိခဲ့ကြသည်။ မြိတ်ကိုယ်ပွားသတင်းစာတိုက်အနီး၌ ထူးထူးဆန်းဆန်း အဆောက်အအုံတစ်လုံးကို တွေ့ရ၍ အကဲခတ် ကြည့်ခဲ့မိသည်။

ထူးဆန်း

အဆောက်အအုံမှာ ရန်ကုန်မြို့ရှိ လေးထပ်အဆောက်အအုံများထက် ပိုမြင့်မားသည်။ ယင်းအဆောက်အအုံတွင် လေဝင်ပေါက်ငယ်လေးများ ဖောက်လုပ်ထားသည်မှအပ ပြတင်းပေါက်များ တပ်ဆင်ထားခြင်း မရှိခြင်းကြောင့် အထူးအဆန်းသဖွယ် ဖြစ်ခဲ့ရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❒

ဇီဝဖိုးငှက်နှစ်ကောင် စပီကာနားတွင် အန်ဖတ်ဖြင့် အသိုက်ပြုလုပ်နေစဉ်။ (မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာအားကစားသတင်းများ

* လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမားများဖြစ်သော စတီဗင်ဂျရတ်နှင့် အလွန်ဆိုတို့နှစ်ဦးအား လာမည့် နွေရာသီဈေးကွက်၌ ပြောင်းရွှေ့ကြေး အနည်းဆုံးပေါင်သန်း ၁၀၀ ပေး၍ ရအောင်ခေါ်ယူနိုင်ရေး ကြိုးစားသွားမည်ဟု ရီးရဲမက်ဒရစ်ကလပ်မှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားလိုက်သည်။
* စပါး ကွင်းလယ်ကစားသမား ဂျာမိန်းဂျီနက်စ် သို့မဟုတ် ဘန့်တလေအား အင်တာမီလန်အသင်းအတွက် နည်းပြမော်ရင်ဟိုက ခေါ်ယူရန် စီစဉ်နေသည်ဟု အင်တာမီလန်ကလပ်မှ သတင်းထုတ်ပြန်သည်။
* ပေါ်တူဂီနှင့် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား တစ်ပတ်လုပ်ခလစာ ပေါင် ၁၈၀၀၀၀ ပေးရန် မန်ယူကလပ်မှ တာဝန်ရှိသူများက ခွင့်ပြုတော့မည်ဖြစ်ကြောင်း၊ မန်ယူကလပ်မှ တာဝန်ရှိသူများနှင့် စီရိုနယ်ဒိုတို့ နောက်ဆုံးအဆင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။
* ဂျမေကာ အပြေးသမား အူစိန်ဘော့က လာမည့် မေ ၂၄ရက်၌ ကျင်းပမည့် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ၌ ၄င်းတင်ထားခဲ့သော မီတာ ၁၀၀ကို ၉ဒသမ၆၉ စက္ကန့် ပြေးနိုင်ခဲ့မှုစံချိန်အား ထပ်မံချိုးကာ စံချိန်သစ်တင်မည်ဟု ပြောကြားလိုက်သည်။
* အင်ဒီယန်းဝေါစ်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲ၌ ရော်ဂျာဖက်ဒဲရားက ပြိုင်ဘက် ဂီဂွယ်လ်အား ၇–၆၊ ၆–၄ ဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားသည်။ ။

ကိုးကား–အင်တာနက်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖို သုံးစွဲပြီးပါက မီးကြွင်း၊ မီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြု သုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပလတ်စတစ်နို့ဘူးများ ကလေးငယ်များအတွက် ကျန်းမာရေးထိခိုက်ဟုဆို

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော နို့ဘူးများဖြင့် နို့သောက်သုံးသည့် ကလေးများသည် အသက်အရွယ် ရလာပါက ကျန်းမာရေးချို့ယွင်းကာ ကင်ဆာရောဂါများဖြစ်ပွားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက သတိပေးလိုက်သည်။

ဆိုးရွားသောရောဂါ

နို့ဘူးပြုလုပ်ထားသော ပလတ်စတစ်များတွင် ဓာတုပစ္စည်းများ ပါဝင်မှုကို သန့်စင်အောင် မဖယ်ထုတ်ထားသည့်အတွက် ကလေးငယ်များအား ကင်ဆာကဲ့သို့ ဆိုးရွားသော ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

သို့သော် အချို့သော ပလတ်စတစ် နို့ဘူးများသည် ဘေးထွက်ဆိုးကျိုး ဖြစ်စေသည့် ဓာတုပစ္စည်းများကို ဖယ်ရှားထားသည်ဖြစ်ရာ ကလေးငယ်များအား ကျန်းမာရေးထိခိုက်မှု လျော့နည်းစေသည်ဟု ၄င်းတို့က ပြောကြားသည်။

သတိပြုအသုံးပြု

သို့ရာတွင် ပူလွန်းသော ရေနွေး၊ နို့များသည် ပလတ်စတစ်ရှိ ဓာတုပစ္စည်းများကို ပျော်ဝင်စေသည်ဖြစ်ရာ သတိပြု ဆင်ခြင်အသုံးပြုသင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက အကြံပြုထားသည်။

အသံတိတ်ခရီးသည်တင်လေယာဉ်များ သုံးစွဲနိုင်တော့မည်

ဘာသာပြန်သတင်းမှတ်စု– မိုးမြင့်လင်းလက်

အသံတိတ် လေယာဉ်များနှင့် လောင်စာဆီ သုံးစွဲမှုသက်သာသည့် လေယာဉ်များကို ခရီးသည်တင် လေကြောင်းလိုင်းများ၌ အသုံးပြုရန် ထုတ်လုပ်တော့မည်ဖြစ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

စမ်းသပ်ပျံသန်း

အင်ဂျင်စွမ်းအားကို မြှင့်တင်ပြီး လောင်စာဆီသုံးစွဲမှုအနည်းဆုံးဖြစ်အောင် လေယာဉ်ပျံသန်းမှု *စာမျက်နှာ ၃ ကော်လံ ၃* ❍

နိုင်ငံတကာ အဆင့်မီ Yangon Expo 2009 ပြပွဲ ခင်းကျင်းပြသမည်

သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၅

ဆယ်စုနှစ်၏ ပထမဆုံးအကြိမ် နိုင်ငံတကာအဆင့်မီ Yangon Expo 2009 ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ်၂၀ရက်မှ ၂၃ရက်အထိ ကျင်းပမည် ဖြစ်သည်။

အကျိုးကျေးဇူး

ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများနှင့် ပြည်ပမှထုတ်ကုန်ပစ္စည်းများကို အမျိုးအစားပေါင်း စုံလင်စွာ ပြသမည်ဖြစ်ရာ ပြည်တွင်းမှ ဝယ်ယူသုံးစွဲသူများနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ■